မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၆၀)၊ ၁၃၈၇ ခုနှစ် ၊ တော်သလင်းလဆန်း ၂ ရက် ၊ ၂၄-၈-၂၀၂၅၊ တနင်္ဂနေနေ့။

မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူ့လူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူ့လူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် ရှမ်းပြည်နယ်အတွင်း ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံး (Seed Balls) များ ကြဲချစိုက်ပျိုး

နေပြည်တော် ဩဂုတ် ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်းရေဝေရေလဲဧရိယာအတွင်းရှိ လွှဘုံကြီးပိုင်းအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်းရှိ အင်းလေးအနောက်ကြီးပြင်ကာကွယ်တောတို့အတွင်းရှိ တောနိမ့်တောပါး၊ ကွက်လပ်ဖြစ်ပေါ်နေသော တောင်ကုန်းများတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးများ ကြဲချခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ဆင်သေချောင်း ရေဝေရေလဲဧရိယာအတွင်း လွှဘုံကြီးပိုင်း အကွက် အမှတ်(၂၀)ရှိ ဧရိယာ ၁၀ ဒသမ ၄ ဧကတွင် ဒေသနှင့် ကိုက်ညီသော သစ်ပင်အမျိုးအစား ငါးမျိုးဖြစ်သည့် မြန်မာကုက္ကို၊ စစ်၊ စိန်ပန်း၊ မဲဇလီ၊ ဘောစကိုင်းသစ်စေ့များဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၁၀၀၀၀၀ ကြဲချခြင်းအခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဟန်သူ၊ နေပြည်တော်လေတပ်စခန်းစခန်းမှူး၊ တပ်မတော်(လေ) မှ တပ်မတော်သားများ၊ သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သစ်တော ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အင်းလေးကန် ရေဝေရေလဲ ဧရိယာအတွင်း ကြဲချစိုက်ပျိုးမည့် သစ်စေ့မြေလုံးများကို တာဝန်ရှိသူများက ရဟတ်ယာဉ်ပေါ် တင်ဆောင်စဉ်။

ဆက်လက်၍ ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေဝေရေလဲဧရိယာအတွင်း အင်းလေးအနောက်ကြီးပြင် ကာကွယ်တော ရှိ ဧရိယာ ၈၆၆ ဧကတွင် ဒေသနှင့်ကိုက်ညီသော သစ်ပင်အမျိုးအစား သုံးမျိုးဖြစ်သည့် ကုလားကုက္ကို၊ ဘောစကိုင်း၊ အော်ရီးရှားသစ်စေ့များ ဖြင့် ပြုလုပ်ထားသော သစ်စေ့မြေလုံး စုစုပေါင်း ၂၀၀၀၀ ကို ရဟတ်ယာဉ်ဖြင့် နှစ်ခေါက်ကြဲချခြင်းအခမ်းအနားသို့ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး၊ ပြည်နယ် ရဲတပ်ဖွဲ့မှူး၊ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်(လေ)မှ တပ်မတော်သားများ၊ ရှမ်းပြည်နယ်သစ်တော ဦးစီးဌာနမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

သစ်စေ့မြေလုံး ကြဲချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာခြင်း၊ လူအင်အားအနည်းငယ်ဖြင့် ဧရိယာကျယ်ဝန်းစွာ စိုက်ပျိုးဆောင်ရွက်နိုင်ခြင်း၊ သွားလာရန်ခက်ခဲသည့် တောင်ကုန်း၊ တောင်တန်းများတွင် ရဟတ်ယာဉ်များဖြင့် ဆောင်ရွက်နိုင်ခြင်း၊ အချိန်တိုအတွင်း ဧရိယာကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် ပျိုးပင်ဖြင့် စိုက်ပျိုးခြင်းကဲ့သို့ ရှင်သန်အောင်မြင်မှုအထိုက်အလျောက် ထိရောက်မှုရှိကြောင်းနှင့် ၂၀၂၅ ခုနှစ် မိုးရာသီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်ရှိ ဆင်သေချောင်း ရေဝေရေလဲဒေသအတွင်းနှင့် ရှမ်းပြည်နယ် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် အင်းလေးအနောက်ကြီးပြင်ကာကွယ်တောအတွင်း သစ်စေ့ကြဲချခြင်း အောင်မြင်ရှင်သန်မှုအခြေအနေများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် နမူနာကွက်များ ပြုလုပ်၍ အပင်ပေါက်ရောက်မှုကာလနှင့် သစ်စေ့မျိုးအလိုက် ပေါက်ရောက်မှု၊ ရှင်သန်နိုင်မှုအခြေအနေကို စာရင်းကောက်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၂၃

မနက်ဖြန်မွန်းတည့်မိုးခေါင်အထိ ခန့်မှန်းချက်မှာ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစပ်စပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်ပါသည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ သြဂုတ် ၂၄ ရက် ၊ တနင်္ဂနွေနေ့။

စာပေလေ့လာခြင်းဖြင့် အောင်မြင်တိုးတက်သော အခွင့်အလမ်းများစွာ ရရှိစေမည်

လူငယ်တို့ဘဝတွင် စာပေလေ့လာမှုကို အလေ့အကျင့်ရှိခြင်းက မှန်ကန်သောဘဝလမ်းကို ရွေးချယ်တည်ဆောက်ခြင်းပင်ဖြစ်သည်။ ထို့ပြင်လူငယ်များအနေဖြင့် အသိပညာဗဟုသုတကျယ်ပြန့်ရေးအတွက် စာများများဖတ်သင့်ပါသည်။ လူငယ်တို့သည် အရာရာကို သိချင်တတ်ချင်၊ စမ်းသပ်ချင်စိတ်ဖြင့် ပတ်ဝန်းကျင်ကို စူးစမ်းလေ့လာတတ်သောလူငယ်တို့၏ ဗီဇနိုးကြားချိန်တွင် လမ်းမှန်ကိုရောက်အောင် ထိန်းကျောင်းပဲ့ပြင်ပေးနိုင်သော တန်ဆောင်ဆီမီးကား စာဖတ်ခြင်းဖြစ်သည်။

ယနေ့သည် နည်းပညာများပွံ့ပြိုးတိုးတက်နေသော ပညာခေတ်ဖြစ်သည်။ နိုင်ငံ၏ အနာဂတ်ကြယ်ပွင့်များဖြစ်သော လူငယ်များက အသိပညာဗဟုသုတ ကျယ်ပြန့်ရေးအတွက် စာများများဖတ်ရမည်ဖြစ်သည်။ လူဘဝတွင် အရွယ်သုံးပါး သတ်မှတ်ထားသည်။ ပထမအရွယ်တွင်ဘဝတစ်ခုလုံး၏ အုတ်မြစ်ဖြစ်သော လူငယ်ဘဝဖြစ်သည်။ ထို့ကြောင့် လူငယ်များအတွက် စာပေသည် စိတ်ကို ပြုပြင်ရာတွင် အလွန်အစွမ်းထက်သည်။ စာဖတ်ခြင်းဖြင့် ကိုယ်၊ နှလုံး၊ နှတ်၊ နှလုံးအမှုအရာ သုံးပါးစလုံးကို ယဉ်ကျေးသိမ်မွေ့နူးညံ့စေပါသည်။ လူငယ်များအတွက် တိုးတက်မှု၊ ဆုတ်ယုတ်မှုတို့သည် ယင်းတို့၏ အသိဉာဏ် ရှိမှု၊ မရှိမှု အပေါ်တွင် မူတည်နေမည်ဖြစ်သည်။ အသိဉာဏ်ပညာ ကျယ်ပြန့်ဖို့အတွက် စာဖတ်ခြင်းသည် လူငယ်များအတွက် မရှိမဖြစ်လိုအပ်ချက်ဟု ဆိုချင်ပါသည်။ ထိုသဘောတရားနှင့်ပတ်သတ်၍ ဆရာပီမိုးနင်းက "စိတ်ကို အသိဉာဏ်က အုပ်စိုး၏၊ အသိဉာဏ်ကို ဗဟုသုတက အုပ်စိုး၏၊ ဗဟုသုတကို စာပေက အုပ်စိုး၏" ဟူ၍ မိန့်ဆိုဖူးပါသည်။

စာပေသည် အမှောင်ကိုခွင်း၍ အလင်းဆောင်ပေးသော တန်ဆောင်ဆီမီးဖြစ်သည်။ အမှားကိုမြင်လျှင် အမှန်သို့ပြုနိုင်ရန် ဆင်ခြင်ဉာဏ်ကို ပေးသောလမ်းပြကြယ်ဖြစ်သည်။ "အလင်္ကာ စာမှာရှိ" ဟူသော စကားအတိုင်း လူငယ်များသည် စာဖတ်ခြင်းဖြင့် အသိအလင်္ကာကို တိုးပွားလာနိုင်မည်ဖြစ်သည်။ "စာအုပ်စာပေ လူ့ဝိတ်ဆွေ" ဆိုကိုးစကားနှင့်အညီ စာပေကိုလေ့လာဖတ်ရှုခြင်းဖြင့် လူငယ်များ လမ်းမှားသို့မရောက်ရှိနိုင်ပါ။ လူငယ်များအနေဖြင့် စာအုပ်စာပေများဖတ်ရှုရာတွင် မြန်မာ့စာပေများ၊ ကမ္ဘာ့စာပေများ၊ သုတ၊ ရသစာပေများကို စုံလင်စွာဖတ်ရှုသင့်သည်။ စာဖတ်ခြင်းဖြင့် ပါဝေနာဆွဲလာပြီဆိုလျှင် အကောင်းနှင့်အဆိုးကို ခွဲခြားတတ်လာမည်ဖြစ်သည်။ လူငယ်တို့ အသုံးချသင့်သည့် အသိပညာ၊ အသုံးမချသင့်သည့် အသိပညာကို ခွဲခြားလာနိုင်မည်ဖြစ်သည်။ အသိပညာနက်ရှိင်းကျယ်ပြန့်ခြင်းဟူသော ဂုဏ်အရည်အချင်းကို ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ စာပေဖတ်ရှုလေ့လာခြင်းမှရရှိလာသည့် အသိဉာဏ်အလင်းသည် ဘဝတိုးတက်မှုအတွက်အခွင့်အလမ်းများစွာ အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်သည်။ မိမိ မိသားစုနှင့်မိမိတို့ တာဝန်ထမ်းဆောင်ရသည့် ပတ်ဝန်းကျင်ကိုပါ အလင်းရောင်နှင့် လမ်းကြောင်းမှန်ကို လူငယ်တိုင်းသည် စာဖတ်ခြင်းအလေ့အကျင့်ကောင်းကို ထာဝရ လက်ကိုင်ထားရပါမည်။ စာဖတ်ခြင်းဖြင့် အောင်မြင်တိုးတက်သော အခွင့်အလမ်းများစွာတို့ကို လက်လွတ်မခံဘဲ ယနေ့မှ စတင်ကာ "စာဖတ်ခြင်းပါသနာကို ပြုစုပျိုးထောင်ကြပါစို့" ဟု ရေးသားလိုက်ရပေသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းမှ မကွေးမြို့ကို လေကြောင်းခရီးစဉ် တိုးချဲ့ပြေးဆွဲမည်

မကွေး သြဂုတ် ၂၃

မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA)သည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင်ရှိသော မကွေးမြို့ကို လေကြောင်းခရီးစဉ် တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

MNA သည် မန္တလေး-မကွေး၊ မြစ်ကြီးနား-မကွေး၊ မကွေး-နေပြည်တော်၊ မကွေး-ရန်ကုန် ခရီးစဉ်သစ်များကို ပျံသန်းပြေးဆွဲပေးမည်လည်းဖြစ်သည်။ **(ဝံပုံ)**

အဆိုပါ ခရီးစဉ်များကို ATR ၇၂-၆၀၀ လေယာဉ်ဖြင့် ၂၀၂၅ ခုနှစ်၊ သြဂုတ် ၂၅ ရက်မှ စတင်ကာ အပတ်စဉ် တနလင်္ဂနေတိုင်း ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေမန်း

ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော စျေးနှုန်းဖြင့် ရောင်းချပေးမည်

မန္တလေး သြဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော စျေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးသွားမည်ဖြစ်သည်။

သက်သာစျေးရောင်းချမည့် အစီအစဉ်ကို သြဂုတ် ၂၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ ၆၃ လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ ၅စလမ်း၊ ၁၂စ လမ်းနှင့် ၁၂၉လမ်းကြားတို့တွင် လည်းကောင်း၊ သြဂုတ် ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ ၃၄ လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ မလွန်ရေတွန်းစက်ရုံရှေ့နှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ ဇရာဝတီကမန်းနားလမ်းတို့တွင် လည်းကောင်း၊ သြဂုတ် ၂၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ၄၁ လမ်း၊ သင်္ဂီဇာမြောင်းဘေးနှင့် ချမ်းမြသာစည်မြို့နယ်၊ MIIT ကျောင်းရှေ့၊ ၇၃လမ်း ၁၀၇လမ်းနှင့် ၁၀၈လမ်းကြားတို့တွင်လည်းကောင်း၊ သြဂုတ် ၂၈ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ ၁၂၁လမ်း၊ ၅၂ လမ်းနှင့် ၅၃လမ်းကြားတွင် လည်းကောင်း၊ သြဂုတ် ၂၉ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် အမရပူရမြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ သောက ဓမ္မာရုံတို့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ စျေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မန္တလေးနေ့စဉ်-၆)

ကျောက်ဆည်ခရိုင် လူထုအခြေပြု ပဟိဋ္ဌာနတွင် လူငယ်စာဖတ်ဝိုင်း ကျင်းပ

ကျောက်ဆည် သြဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြု ဗဟိဋ္ဌာနတွင် လူငယ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး၊ အသိပညာ ဗဟုသုတတိုးပွားရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိရေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများ အသင်းတို့ပူးပေါင်းပြီး ယနေ့ နံနက်ပိုင်းက လူငယ်စာဖတ်ဝိုင်း ကျင်းပရာ ခရိုင်ပြန်/ဆက်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက စာဖတ်ဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး လူငယ် စာဖတ်ဝိုင်း ကျင်းပပြုလုပ်ခဲ့ရာ Grade-10 ကျောင်းသား၊ ကျောင်းသူများဖြစ်သော မောင်ထက်နိုင်ဝင်း၊ မောင်သီဟဇော်၊ မလဝန်းမိုမို၊ မအေမီဖွန်တို့က ၄င်းတို့ ဖတ်ရှုလေ့လာခဲ့သော စာပေဗဟုသုတများကို ဆွေးနွေးပြောကြားရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းမှ အတွင်းရေးမှူးဒေါ်ခင်ချိုချို (သီတဝူကျောက်ဆည်)က ကျောင်းသား၊ ကျောင်းသူများ၏ ဆွေးနွေးပြောကြားမှုများအပေါ် အကြံပြုသုံးသပ်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၀)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ - မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ မြန်နှိုင်းရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/ ၀၉-၇၅ဂ၁ဂ၇၀ဂ၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရေနံချောင်းစက်မှုဇုန် ကြည့်ရှုစစ်ဆေး

နေပြည်တော် သြဂုတ် ၂၃

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့ရှိ ရေနံချောင်းစက်မှုဇုန်သို့ စက်မှုလုပ်ငန်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မကွေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်မှုဇုန်ခန်းမ၌ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ရေနံချောင်းတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဓာတုဗေဒဌာန ပါမောက္ခ/ဌာနမှူး၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ကြီး၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်လျှင် နိုင်ငံ၏ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာမည့်အပြင် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိ၍ ဒေသရှိပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများကို ပြဋ္ဌာန်းပြီးဖြစ်၍ ဥပဒေအရ စက်မှုဇုန်အဆင့်အတန်း သတ်မှတ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များအနေဖြင့် အပြန်အလှန်စစ်ဆေးပြီးဖြစ်ကြောင်း။

ထို့ပြင် စက်မှုဇုန်ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း။ စက်မှုလုပ်ငန်းများသည် ဈေးကွက်ရှိမှသာ ရေရှည်ရပ်တည်လည်ပတ်နိုင်မည်ဖြစ်၍ ထုတ်ကုန်ပစ္စည်းများအားအရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာ၍ ထုပ်ပိုးမှုစနစ်ကောင်းကောင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ဝင်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် စက်မှုလုပ်ငန်းများသည် ဒေသတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။ တက်ရောက်လာကြသူများအနေဖြင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ထို့နောက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌက စက်မှုဇုန်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှုဇုန်နှင့်ပတ်သက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များ၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက စက်မှုဇုန်အားပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်အခြေအနေ၊ မကွေးတိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူးက ရေနံချောင်းစက်မှုဇုန်ဆိုင်ရာ အချက်အလက်များ၊ ရေနံချောင်းတက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးတို့က ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်း (ရေနံချောင်း) ကျောင်းအုပ်ကြီးက စက်မှုလုပ်ငန်းများနှင့် ကျောင်းများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ တာဝန်ရှိသူများက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနိုင်မှု၊ လိုအပ်ချက်များ ဖြည့်ဆည်းပေးမည့်အခြေအနေ၊ စက်မှုဇုန်အတွက် လိုအပ်သောကုန်ကြမ်းရရှိရေး၊ နည်းပညာရရှိရေးအတွက် အသိပညာမျှဝေဆွေးနွေးပွဲများ ပြုလုပ်ပေးမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်မှုလုပ်ငန်းရှင်များက လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် တွေ့ကြုံရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်တွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စက်မှုဇုန်အတွင်းရှိ Alpha Vina ကွန်ကရစ်တိုင်များ ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကိုလည်းကောင်း၊ ဝင်း-သမစိတ္တ ဆီစက်တွင် စားသုံးဆီများ ကြြတ်ခွဲထုတ်လုပ်နေမှု အခြေအနေကိုလည်းကောင်း King Golden Dragon Co., Ltd. ၏ STAR မော်တော်ဆိုင်ကယ်များအား SKD စနစ်ဖြင့် တပ်ဆင်ထုတ်လုပ်လျက်ရှိသည့် လုပ်ငန်းစဉ်အဆင့်ဆင့် တို့ကိုလည်းကောင်း လှည့်လည်အားပေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် သြဂုတ် ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ သြဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာယနေ့တွင်ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ စုစုပေါင်း ၃၉ ဦးတို့ကို ၄က်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၄ ဦးကို သွေးအမျိုးအစား စစ်ဆေးပေးခြင်းနှင့် ဒေသခံတိုင်းရင်းသားပြည်သူ ငါးဦးကို ၄က်ဖျားရောဂါပိုးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသူ ၃၂ ဦးတို့အား ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံအားပေး

နေပြည်တော် သြဂုတ် ၂၃

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ် ဘန့်ဘွေးကျေးရွာရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား ယနေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများက ကျေးရွာအခြေခံပညာ အထက်တန်းကျောင်း၌ သွားရောက် တွေ့ဆုံ အားပေးစကားပြောကြားကြသည်။(**အပေါ်ပုံ**)

ဦးစွာတိုင်းမှူးက အမှာစကား ပြောကြားပြီး ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် တိုင်းမှူးက ကျောင်းသား ကျောင်းသူများ အတွက် စာရေးကိရိယာများ နှင့် စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဆရာ ဆရာမများ၊ ရပ်မိရပ်ဖများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအတွက် စားသောက်ဖွယ်ရာများကို လည်းကောင်း အသီးသီးပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှု အခြေအနေများနှင့် ကျောင်းဝင်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

စဉ်ကိုင်မြို့နယ် ရသာ-နန်းနီ-အုန်းလကြော်ကျေးရွာချင်းဆက်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်

စဉ်ကိုင် သြဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး စဉ်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၆ သန်းဖြင့် ရသာ-နန်းနီ-အုန်းလကြော်ကျေးရွာချင်းဆက်လမ်း ကျောက်ရောခြေခင်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ကျောက်ဆည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ရသာ-နန်းနီ-အုန်းလကြော်ကျေးရွာချင်းဆက်လမ်း အရှည်ပေ ၁/၅မိုင်၊ အကျယ် ၁၆ ပေ၊ ၃ ရှစ်လက်မကို တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၇၆ သန်းဖြင့် စဉ်ကိုင်မြို့နယ် ကျေးလက်လမ်းဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးခဲ့ပြီး လုပ်ငန်းပြီးစီးပါက အကျိုးပြုနိုင်မည့်ကျေးရွာ ငါးရွာမှ အိမ်ခြေ ၇၃၄ အိမ်၊ လူဦးရေ ၃၀၀၁ ဦးတို့၏ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး လူနေမှုဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဒုတိယအကြိမ်မြောက် ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါပညာအဖွဲ့ နိုင်ငံတကာဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် သြဂုတ် ၂၃

ဒုတိယအကြိမ်မြောက် ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါပညာအဖွဲ့ နိုင်ငံတကာဆေးပညာညီလာခံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် Melia Hotel ရန်ကုန်၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ဌာနမှူးများ၊ မြန်မာနိုင်ငံ ဆေးကောင်စီ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် နီးနွယ်ပညာရှင်အသင်းများမှ ဥက္ကဋ္ဌများ၊ အငြိမ်းစားဆေးပညာရှင်ကြီးများ၊ ပြည်တွင်း/ပြည်ပမှ အထွေထွေရောဂါဆေးပညာနှင့် ဆီးချိုသွေးချိုနှင့်ဟော်မုန်းရောဂါ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဆီးချိုနှင့်သွေးတိုးရောဂါများကို စောစီးစွာစစ်ဆေးနိုင်ပြီး အချိန်မီကုသနိုင်ရန်အတွက် ကျန်းမာရေးဌာနများတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စစ်ဆေးဆောင်ရွက်ပေးနေပြီး နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ ပြည်သူများ ဆေးကုသမှုအတွက် စိုက်ထုတ်ကုန်ကျစရိတ် လျော့နည်းသက်သာစေရေးအတွက် ဆီးချို၊ သွေးတိုးနှင့် အခြားမကူးစက်နိုင်သောရောဂါများ ကုသမှု ဆေးဝါးများကိုလည်း အခမဲ့ပံ့ပိုးပေးလျက် ရှိပါကြောင်း၊ ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါဆိုင်ရာ ဆေးပညာရှင်များကိုလည်း ပြည်တွင်း၌ နှစ်စဉ်တိုးမြင့်လေ့ကျင့်မွေးထုတ်လျက်ရှိသည့်အပြင် ပြည်ပ၌ လေ့လာသင်ကြားမှုများကိုလည်း ခွင့်ပြုပံ့ပိုးပေးလျက်ရှိပါကြောင်း၊ အတွေ့အကြုံ၊ ဗဟုသုတများ ဖလှယ်ကာ ဆီးချိုနှင့် ဟော်မုန်းရောဂါကုသမှုများ အတွက် ပိုမိုအားဖြည့်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မျိုးဆက်သစ်ဆေးပညာရှင်များအတွက် ဆေးပညာ အသိဗဟုသုတတိုးတက်ရေးအတွက် အားပေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ကျောင်းသူလေးများက "မင်္ဂလာပါ"သီချင်းဖြင့် ကပြဖျော်ဖြေကြပြီး အပြည်ပြည်ဆိုင်ရာဆီးချိုသွေးချို ရောဂါအသင်းအဖွဲ့ကြီး (International Diabetes Federation – IDF) ၏ ဥက္ကဋ္ဌ Professor Peter Schwarz က ပေးပို့သည့် ညီလာခံကြိုဆိုနှုတ်ခွန်းဆက် Video message အား ဖွင့်လှစ်ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါ အသင်း၏ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသန်းသန်းအေးက ညီလာခံကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဆေးတက္ကသိုလ် (၂)ရန်ကုန် ပါမောက္ခချုပ် (ဒြိမ်း) ပါမောက္ခဒေါက်တာ တင့်ဆွေလတ်နှင့် မြန်မာနိုင်ငံ ဆီးချိုသွေးချိုရောဂါ အသင်း၏ဥက္ကဋ္ဌတို့က ညီလာခံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) ခင်းကျင်းပြသထားသည့် ပညာရပ်ဆိုင်ရာ သုတေသနစာတမ်းပြခန်းများကို လှည့်လှည်ကြည့်ရှုအားပေးသည်။

အဆိုပါညီလာခံကို သြဂုတ် ၂၃ ရက်မှ ၂၄ ရက်အထိ "ဆီးချိုသွေးချိုနှင့် ဟော်မုန်းရောဂါကုသမှုများ ဖြင့်တင်ခြင်း" (Advancing Care in Diabetes and Endocrinology) ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ဆေးပညာရှင်များသာမက သြစတြီးယား၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်း၊ တောင်ကိုရီးယား၊ ဗီလစ်ပိုင်နိုင်ငံတို့မှ ဆေးပညာရှင် ၁၄ ဦးက Speaker အဖြစ်ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ ပြည်တွင်းပြည်ပမှ ပညာရှင် ၄၅၀ ခန့် တက်ရောက်လျက်ရှိကြသည်။

ညီလာခံတွင်ဆွေးနွေးပွဲ (Symposium) ၈ ခုခွဲ၍ ဆွေးနွေးကြမည်ဖြစ်ရာ Artificial Intelligence(AI) ကို အသုံးပြုပြီး ဆီးချိုသွေးချို၏ နောက်ဆက်တွဲ ရောဂါများဖြစ်သည့် မျက်စိအတွင်း သွေးကြောများ ပျက်စီးကာ အမြင်အာရုံထိခိုက်မှု၊ ကျောက်ကပ်ရောဂါ နှင့် အာရုံကြောရောဂါများ ဖြစ်နိုင်ခြေတို့ကို စစ်ဆေးသည့်ခေတ်မီနည်းပညာသစ်ကို မြန်မာနိုင်ငံတွင် အသုံးပြုဆောင်ရွက်ခဲ့သည့် သုတေသနအပါအဝင် ပြောင်းလဲတိုးတက်လာသည့် နည်းပညာရပ်များ ဆိုင်ရာဆွေးနွေးပွဲများ၊ ပညာရပ်ဆိုင်ရာ ပိုစတာ ၃၅ ခုနှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းများကို ခင်းကျင်းပြသထားပြီး ညီလာခံမစမီ အကြိုအစီ အစဉ်အနေဖြင့် သွေးတွင်းဂလူးကို့စ် စဉ်ဆက်မပြတ် စောင့်ကြည့်စစ်ဆေးခြင်း (Continuous Glucose Monitoring – CGM) ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အပူပိုင်းမုန်တိုင်း ကဂျိုကိနှင့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်



နေပြည်တော် သြဂုတ် ၂၃

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ကပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် လည်းကောင်း၊ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း "ကဂျိုကိ"သည် အနောက်ဘက်သို့ ရွှေ့လျားနိုင်ပြီး ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန် တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့် လည်းကောင်း၊ သြဂုတ် ၂၅ ရက်တွင် ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အိန္ဒိယနိုင်ငံ) သြရိသပြည်နယ် ကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ် ကမ်းခြေတို့တွင် ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း သြဂုတ် ၂၆ ရက်မှ ၂၉ ရက်အတွင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစပ်စပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုး တန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင် အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရောက်ခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများ၌ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလွှမ်းမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းဖျံသန်းရေးနှင့် ဆည်မြောင်းတာဝတမ်းများ အနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

✡ စာမျက်နှာ ၂၄ မှ

သံမဏိကြိုးများဖြင့် ချိတ်ဆွဲထားသော ဇက်ယာဉ်သည် မော်တော်ယာဉ်များကို ပို့ဆောင်ပေးနိုင်ကာ ၄င်းသည် ၃၆ ဘီးတပ် အမျိုးအစားဖြစ်ပြီး တံတားအောက် ၈၂ ပေ အကွာတွင် ချိတ်ဆွဲထားကာ အလျားလိုက် ရက်မများမှတစ်ဆင့် သံလမ်းများ တစ်လျှောက် ရွှေ့လျားသည်။

လက်ရှိအသုံးပြုနေဆဲ တံတားတွင် ချိတ်ဆွဲထားသော ဇက်ယာဉ်သည် ကားခြောက်စီး၊ ဆိုင်ကယ်ခြောက်စီးနှင့် ခရီးသည် ၂၀၀ ဦးကို တစ်မိနစ်ခွဲအတွင်း ပို့ဆောင်ပေးနိုင်သည်။ ၄င်းသည် နေ့ဘက်တွင် ၈ မိနစ်တိုင်း တစ်ကြိမ် ပို့ဆောင်ပေးပြီး ညဘက်တွင် တစ်နာရီတိုင်း တစ်ကြိမ်နှုန်းဖြင့် ပို့ဆောင်ပေးလျက်ရှိကာ တစ်နှစ်ပတ်လုံး နေ့နှင့်ညဝန်ဆောင်မှုများအတွက် မတူညီသော ဈေးနှုန်းများဖြင့် ပို့ဆောင်လျက်ရှိသည်။ တံတားကို နှစ်စဉ် ခရီးသည် လေးသန်းခန့်နှင့် ယာဉ်အစီးရေ ၈၁သိန်းခွဲခန့် အသုံးပြုလျက်ရှိသည်။ တံတားအပေါ်ရှိ စကြံလျှောက်လမ်းမှနေ၍ ဆိပ်ကမ်းနှင့် အဘရာပင်လယ်အော်ကို ရှုမြင်နိုင်ပြီး တံတားအပေါ်ရှိ စကြံသို့ ခရီးသွားများ တက်ရောက်နိုင်ရန်အတွက် ဓာတ်လှေကား နှစ်ခုတပ်ဆင်ထားသည်။

၃ရောပစက်မှုတော်လှန်ရေး၏ အပြောင်မြောက်ဆုံး သံမဏိသုကာ လက်ရာများထဲမှ တစ်ခုဖြစ်သည့် အဆိုပါ တံတားသည် ချဉ်းကပ်လမ်းများ သို့မဟုတ် တံတားကို မြှင့်တင်ရန် မလိုအပ်ဘဲ ကျယ်ပြန့်သော မြစ်ဝတွင် တံတားအောက်မှ သင်္ဘောများ လွတ်လပ်စွာ ဖြတ်သန်းသွားလာနိုင်အောင် တည်ဆောက်ထားသည်။ ၂၀၀၆ ခုနှစ် ဧပြီလ ၁၃ ရက်နေ့တွင် အဆိုပါ တံတားအား ယူနက်စကိုမှ ကမ္ဘာ့အမွေအနှစ်နေရာအဖြစ် သတ်မှတ်ကြေညာခဲ့သည်။ စပိန်နိုင်ငံတွင် ၄င်း တံတားသည် စက်မှုအမွေအနှစ် အမျိုးအစားများထဲမှ တစ်ခုတည်းသော အထိမ်းအမှတ်ဖြစ်သည်။

ဗစ်ကာရာတံတားသည် ခရီးသွားလုပ်ငန်း၊ ဆိပ်ကမ်းနှင့် ဆက်စပ်သော စက်မှုလုပ်ငန်းသစ်များကို ဖော်ထုတ်ပေးသည့် မြို့နှစ်မြို့ကြားတွင် စဉ်ဆက်မပြတ် ဝန်ဆောင်မှုကို ပေးဆောင်လျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် တံတား၏ အတွင်းပိုင်းနှင့် အပြင်ပိုင်း တည်ဆောက်ပုံကို အသစ်ပြန်လည်ပြုပြင်ရန်အတွက် အရေးကြီးသော အင်ဂျင်နီယာလုပ်ငန်းကို ဆောင်ရွက်ခဲ့သည်။ ချိတ်ဆွဲပြေးဆွဲရသော ရထားလမ်း အသစ်အပြင် သံမဏိကြိုးများနှင့် အခြားအစိတ်အပိုင်းများ အပါအဝင် အစိတ်အပိုင်းပေါင်း ၂၅၀ ကျော်ကို မူလပုံစံမပျက် စစ်မှန်မှုတန်ဖိုးကို ထိန်းသိမ်းပြီး အစားထိုးပြုပြင်ခဲ့သည်။

ချမ်းပြည်ကို (ကိုးကား–အင်တာနက်)

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ သုမင်္ဂလာစျေး(ညဘောစျေး) တည်ဆောက်ရေးစီမံကိန်း၊ စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

မန္တလေး ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းရာ၌ ပြင်ဦးလွင်မြို့ သုမင်္ဂလာစျေး(ညဘောစျေး) ခြောက်ထပ်အဆင့်မြင့်စျေးသစ်တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ပြောကြားပြီး စီမံကိန်းအတွင်း ကြည့်ရှုခဲ့သည်။

ဌင်းနောက် ညောင်ပင်သာကျေးရွာ၊ ဝက်ဝံကျေးရွာအုပ်စုတွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး GW-11, DU-16 , အောင်နိုင်တိုး၊ ရွှေရင်အေးမျိုးများ ယှဉ်ပြိုင်စမ်းသပ်ကွက်များသို့ရောက်ရှိပြီး တောင်သူများအား စပါးသီးနှံ၊ ဆီထွက်သီးနှံအပါအဝင် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးနေမှုများ၊ တောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းများနှင့်အညီ စိုက်ပျိုးဆောင်ရွက်ရေး၊ စိုက်ပျိုးနည်းစနစ်ကောင်းများကို လိုက်နာကျင့်သုံးဆောင်ရွက်သွားရေးနှင့် တစ်နှစ်သုံးသီးစိုက်ပျိုးနိုင်ရေးတို့ကိုပြောကြားပြီး စမ်းသပ်စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများနှင့် မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေးအတွက် စံပြကွက်တွင် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ စုပေါင်းကြဲပက်နေမှုများကို ကြည့်ရှုအားပေးကာ တောင်သူများက တင်ပြချက်များ အပေါ် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နောင်လှိုင်ကျေးရွာအုပ်စုရှိ ၂၀၂၅-၂၀၂၆ ခုနှစ် အစေ့ထုတ်ပြောင်းပန်းတိုင်အထွက်နှုန်းရရှိရေး စံပြကွက်သို့ရောက်ရှိပြီးတောင်သူ ဦးဇင်မင်းထွန်း၏ မိုးအစေ့ထုတ်ပြောင်း စိုက်ခင်းဧက(၄၂)ဧကနှင့် မိုးမြေပဲ စိုက်ခင်းဧက(၁၈)ဧကတို့တွင် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုများကို လိုက်လံကြည့်ရှုပြီး ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဌင်းနောက် နောင်ခမ်းကြီးရပ်ကွက်အနီး ရေဆင်းဧရိယာ ၆ ဒသမ ၆၃ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၇၀၀၀ ဧကပေရှိ ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိပြီး ပြင်ဦးလွင်မြို့တွင် နေထိုင်လူဦးရေတိုးပွားလာမှုအတွက် ရေပိုမိုပေးဝေနိုင်ရန် ဆင်လမ်းဆည်အား ယခင်ကန်ရေပြည့်ရေမှတ် ၃၇၂၆ ပေ မှ ယခု ၃၇၂၈ပေ အထိ နှစ်ပေတိုးမြှင့် ရေသိုလှောင်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆင်လမ်းတမံအတွင်း ရေဝင်ရောက်မှုနှင့် သောက်သုံးရေပေးဝေနေမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးရေးနှင့်အရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အလေးထားဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မန္တလေး-ပြင်ဦးလွင်-လာရှိုးလမ်း အနီးစခန်း ဘူတာလမ်းခွဲအနီးရှိ ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်တန်းများအား စနစ်တကျဖြစ်စေရေးအတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူတည်ဆောက်နေသည့် အနီးစခန်းစျေးတန်း စျေးဆိုင်ခန်းများတည်ဆောက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ကျေးရွာတွင်း လမ်းအရှည်ပေ ၈၀၀ ကျော် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်မည်

မြစ်သား ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မရှက်ကျေးရွာ၌ မြစ်မိုးရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မရှက်ကျေးရွာ၌ ကျေးရွာတာဝန်ရှိသူများ၊ မြစ်မိုးရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများကို တွေ့ဆုံ၍ မြစ်မိုးရောင်ကျေးရွာစီမံကိန်းရန်ပုံငွေမှ အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်းအရှည် ပေ ၈၀၀ ကျော် ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် လမ်းအကျယ် တိုင်းတာခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆောင်ရွက်သွားနိုင်ရေး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မရှက်ကျေးရွာတွင် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိပြီး တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှ စတင်ကာ မြစ်မိုးရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း(၃၀၀)မတည်ထုတ်ချေးပြီး လုပ်ငန်းများလည်ပတ်ဆောင်ရွက် လုပ်ကိုင်ခဲ့ရာ ယခုနှစ်တွင် စီမံကိန်းရန်ပုံငွေမှ အတိုးအရင်း ငွေကျပ် ၄၃ ဒသမ ၀၃၀၂ သန်းရရှိပြီဖြစ်သည်။ အဆိုပါ စီမံကိန်းရန်ပုံငွေမှ အတိုးရငွေကျပ် ၁၉ သန်း ၊ ပြည်သူ့ထည့်ဝင်ငွေကျပ် သုည ဒသမ ၄၇၇ သန်းတို့ကို အသုံးပြု၍ ကျေးရွာတွင်းလမ်း အရှည်ပေ ၈၀၀ ကျော်အား ကွန်ကရစ်လမ်းအဆင်မြှင့်တင်ခြင်းလုပ်ငန်းများကို ယခု ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်သားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

ရဲဝင်းနိုင်

မန္တလေးမြို့တော်အတွင်း သန့်ရှင်းသာယာသော သဘာဝပတ်ဝန်းကျင်ဖြစ်လာဖို့ ပလတ်စတစ်သုံးစွဲမှု လျှော့ချကြစို့

ရွှေမန်း

မြို့ပြဒေသများ၊ စက်မှုလက်မှုလုပ်ငန်းများမှ နေ့စဉ်ထွက်ရှိနေသည့် စွန့်ပစ်စွန့်ပယ်များကို စနစ်တကျ မဆောင်ရွက်နိုင်ခြင်းက ပတ်ဝန်းကျင်ညစ်ညမ်းမှုပြဿနာကို ကြီးထွားလာစေသည်။ စွန့်ပစ်ပစ္စည်းအမျိုးမျိုးတို့ကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုများအနက် ပလတ်စတစ်ညစ်ညမ်းမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နေ့စဉ်နှင့်အမျှ ပိုမိုဆိုးရွားလာနေသည့် ပလတ်စတစ်ညစ်ညမ်းမှုမှာ မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းလုံး၌ပါ စိန်ခေါ်မှုတစ်ရပ်ဖြစ်လာနေသည်။

ပလတ်စတစ်ပစ္စည်းများသည် အန္တရာယ်ကြီးသည်ဟုဆိုသည့် တိုင်အောင် ၄၈၈ မြောက်ရောဂါများကြောင့် လူတို့၏ နေ့စဉ်ဘဝများတွင် ပလတ်စတစ်နှင့်ကင်းသည့်အချိန်၊ ပလတ်စတစ်နှင့် ကင်းသည့်နေရာဟူ၍ မရှိသည့်အခြေအနေသို့ ရောက်ရှိလာနေသည်။ ကမ္ဘာတစ်ဝန်း ပလတ်စတစ်ထုတ်လုပ်မှုသည် တစ်ဆက်တည်း မြင့်တက်နေရာ ၂၀၂၃ ခုနှစ်တွင် တန်ချိန် သန်းပေါင်း ၄၀၀ ကျော်သို့ ရောက်ရှိခဲ့သည်။ ယခုအခြေအနေအတိုင်း ဆက်လက်တိုးတက်နေမည်ဆိုပါက ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့ပလတ်စတစ်ထုတ်လုပ်မှုသည် တန်ချိန်သန်းပေါင်း ၁၁၀၀ အထိ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းထားကြသည်။

ကမ္ဘာတစ်ခွင် ပလတ်စတစ်ထုတ်လုပ်မှု တိုးတက်လာသကဲ့သို့ အထိန်းအကွပ်မဲ့ ပိုမိုသုံးစွဲလာခြင်း၊ စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကြောင့် ဆွေးမြည်ပျက်စီးရန် မလွယ်ကူသည့်ပလတ်စတစ်များမှာ ပတ်ဝန်းကျင် ရေထု၊ မြေထု၊ လေထုများထဲတွင် ပျံ့နှံ့ကာ လူနှင့်တကွ သက်ရှိသတ္တဝါ သားငှက်တိရစ္ဆာန်များအတွက် အန္တရာယ်တစ်ခုဖြစ်လာသည်။ စွန့်ပစ်ပလတ်စတစ်ပစ္စည်းများမှာ နေရောင်ခြည်၊ ရေနှင့် ရာသီဥတုဒဏ်ကို အချိန်ကာလကြာမြင့်စွာခံရပြီး ပြိုကွဲပျက်စီးရာမှ ထွက်ပေါ်လာသည့် လွန်စွာသေးငယ်လှသော ပလတ်စတစ်အမှုန် အမှား (Micro- Plastics)များမှာ ပင်လယ်သမုဒ္ဒရာများ၊ မြစ်ချောင်းများ၊ မိုးတိမ်တိုက်များ၊ လေထုနှင့် နှင်းတောင်များမှသည် အစားအစာများနှင့် လူ့ခန္ဓာကိုယ်အစိတ်အပိုင်းများအတွင်းထဲအထိ

ရောက်ရှိနေပြီဟု လေ့လာတွေ့ရှိထားကြပြီး မိုက်ခရိုပလတ်စတစ်များ၏အန္တရာယ်ကို သိပ္ပံပညာရှင်များက သတိပေးထားကြသည်။

သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေးအတွက် ပလတ်စတစ်အပါအဝင် စွန့်ပစ်ပစ္စည်းအမျိုးအမည်များကို စနစ်တကျ စွန့်ပစ်ကြရန် လူတိုင်းတွင်တာဝန်ရှိသည်။ မိမိတို့နေထိုင်ရာ ရပ်ရွာ ပတ်ဝန်းကျင် သန့်ရှင်းသာယာတိုးတက်ကောင်းမွန်စေရန် လူတိုင်းက ကိုယ်စီအသိတရားဖြင့် ဆောင်ရွက်နိုင်ကြသည်နှင့်အမျှ မြို့ပြတစ်ခုလုံး၊ ဒေသတစ်ခုလုံး၊ နိုင်ငံတစ်ဝန်းလုံး ညစ်ညမ်းမှုအမျိုးမျိုးတို့မှ ကင်းဝေးကာ သန့်ရှင်းသာယာလှပလာမည်ဖြစ်သည်။

"မန္တလေးမြို့တော်အနေနဲ့ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးမှ ပလတ်စတစ်ကင်းစင်ရေးအထိ ပြည်သူများပူးပေါင်းပါဝင်စေရန် ပညာပေးစည်းရုံးရေးလုပ်ငန်းများကို သြဂုတ်လ ၁၈ရက်မှ စတင်ကာ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းညွှန်ချက်ဖြင့် စားနှင့်သားသတ်ဌာနက အပတ်စဉ် တနင်္လာနေ့တိုင်း စားအားလုံးကို ပလတ်စတစ် မသုံးစွဲရန်နေ့အဖြစ် ကြေးကြေပ်နေပါတယ်။ ပလတ်စတစ်မသုံးစွဲဘဲ အင်ဖက်၊ ၄ဂ်ပျောဖက်၊ ကြာရွက်၊ ဗာဒံရွက်၊ သတင်းစာတွေ့ စသဖြင့် ပလတ်စတစ်မသုံးစွဲမီကာလက တွင်တွင်ကျယ်ကျယ်သုံးစွဲခဲ့တဲ့အတိုင်း ပြန်လည်သုံးစွဲနေပါတယ်။ လတ်တလောမှာတော့ သုံးစွဲသူများအခက်အခဲရှိသော်လည်း ပလတ်စတစ် လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ ပလတ်စတစ်နဲ့ ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိအောင် စျေးများမှတစ်ဆင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အဓိကအနေနဲ့ ပလတ်စတစ်သုံးစွဲမှု လျှော့ချသုံးစွဲရေးကို ပညာပေးစည်းရုံးကာ ဆောင်ရွက်နေပါတယ်။ ထိုသို့ ဆောင်ရွက်မှုအနေဖြင့် အပတ်စဉ် တစ်မြို့နယ်လျှင် စျေးကြီးသုံးစျေးမှာ ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပလတ်စတစ် အစားထိုးအိတ်ဝေ့ခြင်း၊ ပလတ်စတစ်မသုံးစွဲရေးလက်ကမ်းစာစောင်များ ဝေ့ခြင်းများကို ဆောင်ရွက်လျက် ရှိပါတယ်။ လတ်တလောမှာ ပညာပေးစည်းရုံးရေးကာလအဖြစ် သတ်မှတ်ပြီး ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးအတွက် အပတ်စဉ်တနင်္လာနေ့တိုင်း သုံးစွဲမှုမရှိစေရေး ဆောင်ရွက်နေပြီး မသုံးစွဲရမည့်နေ့တွင် သုံးစွဲမှုရှိပါက သိမ်းဆည်းအရေးယူသွားမှာပါ"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စျေးနှင့်သားသတ်ဌာနမှ ဌာနမှူး ဦးသက်နိုင်က ပြောသည်။

ပလတ်စတစ်အိတ်များကို အလွယ်တကူသုံးစွဲရာမှ သတိထားပြီး သုံးစွဲမှုလျှော့ချရေးအတွက် ဟိုးယခင်ကလို စျေးဝယ်ခြင်း၊ စျေးဝယ်အိတ်များကို သေချာပြင်ဆင်ပြီး ဝယ်ယူခြင်း အလေ့အထကောင်းများကို မိမိနှင့် မိမိပတ်ဝန်းကျင် အသိပေးခြင်းဖြင့် တဖြည်းဖြည်း ပြန်လည်လျှော့ချနိုင်မည်ဖြစ်သည်။ အပတ်စဉ် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေးအတွက် မန္တလေးမြို့ပေါ်ရှိ စျေးများတွင် ပညာပေးအစီအစဉ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပလတ်စတစ်သုံးစွဲမှု လျှော့ကျလာစေရန် ပြည်သူများအနေဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးမှုကို လျှော့ချလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထရန်စဖော်မာ(ခေါ်)လျှပ်တာပြောင်း လျှပ်စစ်ကိရိယာ

မောင်မောင်စွယ်စုံထွန်း

ထရန်စဖော်မာ (Transformer) (ခေါ်) လျှပ်တာပြောင်းကိရိယာဆိုသည်မှာ လျှပ်စစ်သံလိုက်ညီညွတ်မှု (Electromagnetic Induction) နိယာမကို အခြေခံ၍ အလုပ်လုပ်သော လျှပ်စစ်ပစ္စည်းကိရိယာတစ်မျိုး ဖြစ်သည်။ ၄င်းသည် ဝိုင်ယာခွေတစ်ခုအတွင်း ဝင်ရောက်လာသော အေစီ (AC) လျှပ်စစ်ဖိအား(ဗို့)နှင့် လျှပ်စီး(အမ်ပီယာ)ပမာဏတို့ကို အခြားဝိုင်ယာခွေတစ်ခု(သို့မဟုတ်)တစ်ခုထက်ပိုသော ဝိုင်ယာခွေများတွင် လိုအပ်သော ဗို့အားပမာဏအဖြစ် သို့ပြောင်းလဲပေးနိုင်စွမ်းရှိသည်။ ထရန်စဖော်မာများသည် ဓာတ်အားပေးစက်ရုံများမှ အိမ်သုံးပစ္စည်းကိရိယာများအထိ လျှပ်စစ်စနစ် များစွာတွင် မရှိမဖြစ် အရေးပါသောအစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်နေသည်။

ထရန်စဖော်မာ၏ အလုပ်လုပ်ပုံမှာ အတော်လေး ရိုးရှင်းပါသည်။ လျှပ်စစ်ဝိုင်ယာခွေတစ်ခုအတွင်းသို့ AC လျှပ်စစ်ဓာတ်အား ပေးသွင်းလိုက်သည့်အခါ ထိုဝိုင်ယာခွေပတ်လည်တွင် သံလိုက်စက်ကွင်း (Magnetic Field) တစ်ခု ဖြစ်ပေါ်လာသည်။ AC လျှပ်စစ်သည် တစ်စက္ကန့်လျှင် အကြိမ်ပေါင်းများစွာ ပြောင်းလဲနေသောကြောင့် ထိုသံလိုက်စက်ကွင်းသည်လည်း တည်ငြိမ်မနေဘဲ အဆက်မပြတ် ပြောင်းလဲနေပါသည်။ မြန်မာနိုင်ငံတွင် အသုံးပြုနေသော 50 Hz စနစ်အရ တစ်စက္ကန့်လျှင် အကြိမ် ၅၀ နှုန်းဖြင့် သံလိုက်စက်ကွင်း အပြောင်းအလဲများ ဖြစ်ပေါ်နေသည်။ အဆက်မပြတ် ပြောင်းလဲနေသော သံလိုက်စက်ကွင်း၏အောက်တွင် ကျရောက်နေသော အခြားသောဝိုင်ယာခွေ အားလုံး၏အတွင်း၌ လျှပ်စစ်ဖိအား(Voltage)တစ်ရပ် အလိုအလျောက် ညှို့ဝင်ပြီး ဖြစ်ပေါ် လာပါသည်။

ဤနည်းလမ်းကိုအသုံးပြု၍ ထရန်စဖော်မာတစ်လုံးသည် မူလဝိုင်ယာခွေထဲသို့ ဓာတ်အားပေးသွင်းခြင်းဖြင့် တစ်ဆင့်ခံ ဝိုင်ယာခွေထဲတွင် လျှပ်စစ်ဖိအားတစ်ရပ်ကို ဖန်တီးပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် ထရန်စဖော်မာသည် AC လျှပ်စစ်ကိုသာ အသုံးပြု၍ရပြီး တည်ငြိမ်သော သံလိုက်စက်ကွင်း ဖြစ်ပေါ်စေသည့် (DC) လျှပ်စစ်နှင့် တိုက်ရိုက်အသုံးပြု၍ မရနိုင်ပါ။ ထရန်စဖော်မာတစ်လုံးတွင် အဓိက ပါဝင်သော အစိတ်အပိုင်းကြီး နှစ်ခုရှိပါသည်။ ၄င်းတို့မှာ ဝိုင်ယာခွေများ (Wire Windings) နှင့် သံပြားကြီး (Iron Core)တို့ဖြစ်ကြပါသည်။ သံပြားအူတိုင်သည် သံလိုက်စက်ကွင်းများကို စုစည်းပေးပြီး စနစ်တကျ စီးဆင်းစေရန် ကူညီပေးသောကြောင့် လျှပ်စစ်သံလိုက် ညှို့ဝင်မှု ဖြစ်စဉ်ကို ပိုမိုထိရောက်စေပါသည်။

ဝိုင်ယာခွေများမှာမူ ဝင်လာသောဓာတ်အားကို လက်ခံယူခြင်းနှင့် ထွက်သွားသောဓာတ်အားကို ထုတ်ပေးခြင်းတို့အတွက် အဓိကတာဝန်ယူရပါသည်။ ထရန်စဖော်မာတွင် ပုံမှန်အားဖြင့် ဝိုင်ယာခွေနှစ်ခု ရှိသည်။ လျှပ်စစ်ဓာတ်အား ပေးသွင်းမည့် ဝိုင်ယာခွေကို မူလဝိုင်ယာခွေ (Primary Winding) ဟုခေါ်ပြီး လျှပ်စစ်ဓာတ်အားထုတ်ယူခြင်းပြုမည့် ဝိုင်ယာခွေကိုမူ တစ်ဆင့်ခံ ဝိုင်ယာခွေ (Secondary Winding) ဟု ခေါ်ပါသည်။ တစ်ဆင့်ခံ ဝိုင်ယာခွေအဖြစ် ဝိုင်ယာခွေ တစ်ခွေတည်းကို သုံးနိုင်သလို၊ လိုအပ်သလို ဝိုင်ယာခွေအများအပြားကိုလည်း အသုံးပြုနိုင်သည်။ ဝိုင်ယာခွေနှစ်ခုကို တစ်ခုအပေါ်တစ်ခု ထပ်ဆင့်၍ဖြစ်စေ၊ ဘေးချင်းယှဉ်၍ ဖြစ်စေ၊ မျက်နှာချင်းဆိုင်၍ဖြစ်စေ အဆင်ပြေသလို ရစ်ပတ်ထားနိုင်သည်။ သို့သော် အလွန် အရေးကြီးသည့် အချက်တစ်ခုမှာ ဝိုင်ယာခွေတစ်ခုနှင့်တစ်ခု၊ ဝိုင်ယာခွေများနှင့် သံပြားအူတိုင်တို့အကြား လျှပ်စစ်သဘောအရထိတွေ့မှု (Electrical Contact) မရှိစေရန်အတွက် လုံလောက်ပြီး ခိုင်ခံ့သော လျှပ်ကာပစ္စည်းများ(Insulating Materials)ဖြင့် သေချာခြားထားပေးရန် လိုအပ်ပါသည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ လွှတ်လိုက်သော လျှပ်စစ်ဓာတ်စီးကြောင်းကို ကြေးနန်းကြိုးများဖြင့် မိုင်ပေါင်းများစွာ ဝေးကွာသော မြို့ကြီးပြကြီးများသို့ ဖြန့်ပေးရာ၌ လျှပ်စစ်ဖိအား ကောင်းဖို့လိုလေသည်။ ခရီးဝေးလေ၊ လျှပ်စစ်ဖိအား များရန်လိုလေ ဖြစ်သည်။ လျှပ်စစ်ဖိအားများမှသာ လမ်း၌ လျှပ်စစ်စွမ်းအင်ဆုံးရှုံးခြင်း နည်းမည် ဖြစ်သည်။ ဓာတ်အားပေးစက်ရုံရှိ ဒိုင်နမိုမှ ထုတ်လိုက်သော လျှပ်စစ်ဗို့အားသည် မကြီးမားလှချေ။ ထို့ကြောင့် လျှပ်စစ်အင်ဂျင်နီယာ ကြီးများသည် လျှပ်စစ်ဗို့အားကို တိုးမြှင့်ပေးနိုင်မည့် ကိရိယာကို တီထွင်ကြွစည်ခဲကြရခြင်း ဖြစ်လေသည်။ လျှပ်စစ်ဗို့အားမြှင့်ကိရိယာ ပြုလုပ်ပုံမှာ သံစိမ်းတစ်ခုတွင် ဓာတ်မဂ္ဂနီတင်သည့် ပစ္စည်းဖြင့် ပတ်ထားသော ကြေးနန်းကြိုးနှစ်ခုကို တခြားစီ ရစ်ပတ်ထားသည်။ ကြေးနန်းကြိုးခွေ တစ်ခုသို့ အစုန်အဆန်စီး ဓာတ်စီးကြောင်း(AC) လျှပ်စစ်ဓာတ်ကို သွင်းပေးလိုက်သောအခါ အခြားကြေးနန်းကြိုးခွေ၌ ယင်းလျှပ်စစ်ဓာတ်စီးတစ်ခု ဓာတ်ကူးသွားသည်။ လျှပ်စစ်ဓာတ်စီး သွင်းပေးသော ကြိုးခွေကို မူလနန်းခွေဟုခေါ်၍ ဓာတ်ကူးသွားသည့်ကြိုးခွေကို ဒုတိယနန်းခွေ ဟုခေါ်သည်။

ဤနေရာ၌ တွေ့ရသောအချက်မှာ မူလနန်းခွေ၏ ကြိုးအပတ်ပေါင်းနှင့် ဒုတိယနန်းခွေ၏ ကြိုးအပတ်ပေါင်းတို့ တူညီလျှင် မူလနန်းခွေသို့ သွင်းပေးသော လျှပ်စစ်ဓာတ်စီး၏ ဗို့အားနှင့် ဒုတိယနန်းခွေ၌ဓာတ်ကူးသော လျှပ်စစ်ဓာတ်စီး ဗို့အားတို့သည် တူညီကြသည်။ မူလနန်းခွေ၌ ကြိုးတစ်ပတ်ရှိ၍ ဒုတိယနန်းခွေ၌ ကြိုး ၁၀ ပတ်ရှိ လျှင် ဒုတိယနန်းခွေ၏ လျှပ်စစ်ဗို့အားသည် မူလနန်းခွေထက် ၁၀ ပုံ ကြီးသည်။ ဒုတိယနန်းခွေ၌ ကြိုးတစ်ပတ်ရှိ၍၊ မူလနန်းခွေ၌ ကြိုး ၁၀ ပတ်ရှိ လျှင် ဒုတိယနန်းခွေ၏ဗို့အားသည် မူလနန်းခွေ၏ ၁၀ ပုံ ၁ ပုံသာရှိသော အချက်ပင်ဖြစ်သည်။ အင်ဒပ်ရှင်းကွိုင်၏ သဘောသည် ဤအချက်ကို အခြေခံထားလေသည်။ ဓာတ်အားပေးစက်ရုံမှ လာသော လျှပ်စစ်ဓာတ်စီး၏ ဖိအားကို မြှင့်ပေးလိုသည့်အခါ ထရန်စဖော်မာကို အသုံးပြုရ သည်။ ထရန်စဖော်မာမှာ သံစိမ်းတစ်ခု၌ အထက်ပါနည်းအရ ကြေးနန်းကြိုးများကို ရစ်ပတ်ထားသော ကိရိယာဖြစ်သည်။ မြို့ကြီးပြကြီးများ၌ ဗို့အားများသော လျှပ်စစ်ဓာတ်သည် ဘေးအန္တရာယ်ဖြစ်လွယ်သဖြင့် လျှပ်စစ်ဓာတ်ခွဲမှ် ထရန်စဖော်မာဖြင့် ကြီးပတ်နည်းသော ဒုတိယနန်းခွေသို့ လျှပ်စစ်ဓာတ်စီးကူးစေရသည်။

ဗို့အားနှိမ့် လျှပ်စစ်ဓာတ်စီးကို လမ်း၌ သွယ်ယူပြီးလျှင် အိမ်ထဲသို့ သွယ်ယူသောအခါ ထပ်မံ၍ ဗို့အားကို နှိမ့်ချပြန်သည်။ ထိုနှိမ့်ပြီး လျှပ်စစ်ဗို့အားဖြင့် အိမ်တွင်းနေသူတို့သည် လျှပ်စစ်ဓာတ်ကို ဘေးကင်းစွာ အသုံးချနိုင်ကြသည်။

ထရန်စဖော်မာသည် အပြန်အလှန်စီး ဓာတ်စီးကြောင်း(AC) လျှပ်စစ်ဓာတ်ဖြင့်သာ လျှင် အသုံးပြုနိုင်၍ အစုန်စီး ဓာတ်စီးကြောင်း(DC) လျှပ်စစ်ဓာတ်ဖြင့် အသုံးမပြုနိုင်ပေ။ ဤအချက်ကြောင့်ပင်လျှင် AC လျှပ်စစ်ဓာတ်စီး ကို အသုံးများကြခြင်းဖြစ်သည်။ DC လျှပ်စစ်ဓာတ်စီးကို ထရန်စဖော်မာဖြင့် အသုံးပြုလိုသော အခါ DC လျှပ်စစ်ဓာတ်စီးကို AC လျှပ်စစ်ဓာတ်စီးအဖြစ်သို့ ပြောင်းလဲပေးသည့် ကိရိယာတစ်မျိုးကို အသုံးပြုရသည်။ ထရန်စဖော်မာ၌ လျှပ်စစ်စွမ်းအင် နှစ်ရာခိုင်နှုန်း၊ သုံးရာခိုင်နှုန်းမျှသာ အပူအဖြစ် ဆုံးရှုံး၏။ အပူဒဏ်ကို ခံနိုင်စေရန် ထိုကိရိယာကို သေတ္တာတစ်ခုထဲ၌ ထည့်၍ အထူးစီမံထားသည့် ထရန် စဖော်မာဆီဟုခေါ်သော ဆီဖြင့် စိမ်ထားရသည်။ ဝိုင်ယာလက်စက်များ၊ မော်တော်ကားစက်များ၌ ဤကိရိယာ၏ သဘောကို ယူ၍ အသုံးချသည်ကို တွေ့မြင်နိုင်ပေသည်။

အချုပ်အားဖြင့် ထရန်စဖော်မာ(ခေါ်) လျှပ်တာပြောင်းကိရိယာသည် လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးအတွက် မရှိမဖြစ်သော လျှပ်စစ်ကိရိယာတစ်မျိုးဖြစ်ပြီး အရည်အသွေးပြည့်မီသော ထရန်စဖော်မာများကို အသုံးပြုခြင်းဖြင့် တည်ငြိမ်သော လျှပ်စစ်ဓာတ်အားကို ရရှိသုံးစွဲနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

New Jeans အဖွဲ့ လွတ်လပ်စွာ အနုပညာလုပ်ရှားမှု ပယ်ချခံရ

ကေပေါ့ပ်အမျိုးသမီးအဖွဲ့ နယူးဂျင်းစ်က အေဂျင်စီ ADOR ၏ အထောက်အပံ့မပါဘဲ လွတ်လပ်စွာ အနုပညာလှုပ်ရှားခွင့်ရရန် အယူခံဝင်ခဲ့သော်လည်း ဆိုးလ်တရားရေးဌာနက ပယ်ချခံခဲ့ရကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ Seoul Central District Court သည် နယူးဂျင်းစ်အဖွဲ့ဝင်များ၏ အနုပညာလုပ်ရှားခွင့်နှင့် စီးပွားရေးကြော်ငြာများ ရိုက်ခွင့်ပေးမှုကို ကန့်ကွက်ပယ်ချခဲ့၍ Seoul High Court သို့ အယူခံတင်ခဲ့ရာတွင်လည်း ထပ်မံပယ်ချခံခဲ့ရကာ ADOR ကလည်း ခွင့်မပြုခဲ့ချေ။

တရားရင်ဆိုင်ရာတွင် ရှုံးနိမ့်ခဲ့ပြီး ADOR နှင့် ပြန်လည်လက်တွဲလိုစိတ်မရှိဘဲ အဖွဲ့ဝင်များက သူတို့နှစ်ဦးကြား ယုံကြည်မှုပြိုလဲသွားပြီဖြစ်ပြီး ပြန်မလာတော့ဟု ပြောကြားခဲ့သည်။ **(SKY)**

Drive ရုပ်ရှင်ဇာတ်ကား Ryan Glosing အဓိကပါဝင်ထား

ဟောလိဝုဒ်ရုပ်ရှင် Drive တွင် မင်းသားရမ်ဂလိုဆင်း အဓိကပါဝင်ထားပြီး ဇာတ်လမ်း၊ ဇာတ်ကွက်ကောင်းသည့်အပြင် အသံတည်းဖြတ်မှုတွင် အော်စကာဆန်ခါတင်ဝင်ခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လေးအိန်ဂျလိမ်တွင် လွှမ်းဝှက်သိုသိပ်သည့် လူတစ်ဦး၊ ကားပြင်သူ၊ စတန်သမား၊ အထူးခြားဆုံးမှာ ဘဏ်ဓားပြတိုက်သူများကို ကားမောင်းပေးသူ၊ သူပြောနေကြစကားမှာ 'ဒီ ငါးမိနစ်အတွင်း အချိန်နှင့် နေရာသာပြောပါ၊ အရောက်ပို့ပေးမည်။ ငါးမိနစ်ကျော်လျှင် တာဝန်မယူ' ဟူ၍ ဖြစ်သည်။

မင်းသားရမ်ဂလိုဆင်း၏ အရယ်အပြုံးကင်းမဲ့သည့် မျက်နှာပေး စကားကိုလိုသည်ထက်ပို မပြောဘဲ သွားကြားထိုးတံကိုက်ထားသောစတိုင်လ်နှင့် ဇာတ်ရုပ်မှာဇာတ်လမ်းအစအဆုံး ဆွဲဆောင်မှုရှိခဲ့ပြီး IMDb 7.8 အော်စကာဆန်ခါတင်နှင့် ဆုပေါင်းရှစ်ဆယ် ရရှိထားသည်။ **(SKY)**

Dan Rivera သဘာဝလွန်လေ့လာရေး ခရီးစဉ်တွင် ကွယ်လွန်

သဘာဝလွန်လေ့လာရေးသမား ဒန်ရီဗာရာသည် Devils on The Run Tour ခရီးစဉ်တွင် ရုတ်တရက်ကွယ်လွန်သွားခဲ့ရာ သူနှင့်အတူ Annabelle အရုပ်ပါသွားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဗင်နီဆွဲလားပြည်နယ် ကက်ရှ်င်းဘတ်မြို့ ခရီးလှည့်လည်နေစဉ် သူနှင့်ပါသွားသည့် Annabelle အရုပ်ကို ပရိသတ်ထဲပြသခဲ့သည်။

အဆိုပါ အရုပ်ပိုင်ရှင်မှာ ဘဘာဝလွန်ပညာရှင် Ed နှင့် Lorraine Warren တို့က မကောင်းဆိုးဝါးပိုင်ဆိုင်ထားကြောင်း ယုံကြည်၍ ပြတိုက်၌ သော့ခတ်ပြီး မှန်အိမ်ထဲတွင် မထိရဆိုင်းဘုတ်နှင့်အတူ ထားရှိခဲ့သည်။

ဒန်ရီဗာရာက New England Society for Psychic Research(NESPR)၏ ထိပ်တန်းစစ်ဆေးသူဖြစ်ပြီး ထိန်းသိမ်းရန် တာဝန်ပေးအပ်ခဲ့ရာမှ သွားလေရာယူသွားပြီး အသက်(၅၄) နှစ်နှင့် ရုတ်တရက်ကွယ်လွန်သွားခြင်း ဖြစ်သည်။ **(SKY)**

Katseye က Monster High နှင့် ဂီတပူးပေါင်းမည်

ဟောဘီလယ်ဗယ်နှင့် ဂတ်ဖန်ရက်ကော့တို့၏ အမျိုးသမီးအဖွဲ့ ကက်စ်အိုင်းသည် မွန်းစတားဟိုက်အဖွဲ့နှင့် ပူးပေါင်း၍ Monster High Fight Song ကို ပြင်ဆင်နေကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဂီတအမ်တီဗီအတွက် ကက်စ်အိုင်းအဖွဲ့ဝင်များက ပါဝါအသစ်နှင့် သီချင်းသစ်၊ စာသားသစ်များ ဖန်တီးထားကာ ၂၀၁၀ ပြည့်နှစ်က ထွက်ရှိထားသည့် ဂီတနှင့်ကွဲထွက်စွာ ပြင်ဆင်ထားသည်ကို တွေ့ရသည်။

ကက်စ်အိုင်းနှင့် မွန်းစတားဟိုက်တို့က အတူပူးပေါင်းမှု သက်တမ်းအဖြစ် Customized Monster High ဗားရှင်းအရုပ်ကလေးများကို အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် ထုတ်ပေးထား၍ ပရိသတ်စိတ်ဝင်စားနေကြကာ အတူပူးပေါင်းမည့်ဂီတကို စောင့်မျှော်နေကြကြောင်း သိရသည်။ **(SKY)**



အရည်ကြည်ပုံစံပြင်ဝတ္ထုရသည့် ကွမ်တမ်အခြေအနေအသစ် ပလာစမာကဲ့သို့သော ပုံမှန်အခြေအနေများနှင့် မတူကွဲပြား

အမေရိကန်သိပ္ပံပညာရှင်များသည် အစိုင်အခဲ၊ အရည်၊ ဓာတ်ငွေ့(သို့မဟုတ်)ပလာစမာကဲ့သို့သော ပုံမှန်အခြေအနေများနှင့် ကွဲပြားသည့် အရာဝတ္ထုတည်ရှိနိုင်သည့် နည်းလမ်းအသစ်ကို မကြာသေးမီက တွေ့ရှိခဲ့ကြသည်။

ကွမ်တမ်အရည်ကြည်ဟုခေါ်သည့် ကွမ်တမ်အခြေအနေအသစ်သည် ၄င်း၏ကိုယ်ပိုင်စည်းမျဉ်းများကို လိုက်နာပုံဖော်ပြီး အဆင့်မြင့်နည်းပညာဆိုင်ရာ အသုံးချမှုများအတွက် လမ်းခင်းပေးနိုင်သည့် ဝိသေသလက္ခဏာရှိသည်။

အလွန်မြင့်မားသော သံလိုက်စက်ကွင်းထဲသို့ ဝေလ်ဆီမီမီတယ်ဟုခေါ်သော လျှပ်ကူးပစ္စည်းနှင့် သံလိုက်လျှပ်ကာပစ္စည်းဖြစ်သော ရေခဲအမွှာတ်တို့ကို ထည့်သွင်းသည့်အခါ ၄င်းတို့ကြားရှိ အပြန်အလှန်သက်ရောက်မှုကို အမေရိကန်သုတေသီအဖွဲ့တစ်ဖွဲ့မှ မကြာသေးမီက အာရုံစိုက်စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ အပြန်အလှန်သက်ရောက်သောအခါမှသာ ပေါ်ပေါက်လာသည့် ကွမ်တမ်အဆင့်အသစ်များကို ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း ရူပဗေဒနှင့် နက္ခတ္တဗေဒဘဲ့လွန်အစီအစဉ်မှ ပါရဂူဘဲ့ရရှိခဲ့သော ဦးဆောင်သုတေသီ ဆုန်ချီဂူက ရှင်းလင်းပြောကြားသည်။ **(SCI)**

GLX အဖွဲ့ဝင် Zixer မှာ ယခုထိ ပွဲဦးမထွက်ရသေး

ကေပေါ့ပ်အနုပညာလောကသို့ နိုင်ငံတကာမှ အနုပညာရှင်များ ဝင်ရောက်ခဲ့ကြရာ မြန်မာလူမျိုး Di Di အပြီး Zixer မှာ GLX နှင့် လက်တွဲပြီးနောက် အဖွဲ့မှထွက်၍ ပွဲဦးထွက်ခွင့်မရခဲ့သေးကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၂၂ ခုနှစ်တွင် ရှင်းဟွာအင်တာတိန်းမင့်၏ ငါးဦးမြောက် အဖွဲ့ဝင်အဖြစ် တရားဝင်ကြေညာခဲ့ရာ အသက်(၂၅)နှစ်နှင့် Zix-er (မြန်မာအမည် မေဖြိုးအိ) ဖြစ်သည်။

၂၀၂၃ ခုနှစ်တွင် ရှင်းဟွာအင်တာတိန်းမင့်နှင့် လမ်းခွဲ၍ လွတ်လပ်သော အနုပညာရှင်တစ်ဦးအဖြစ် လှုပ်ရှားကာ GLX မှာ ယခုထိ ပွဲဦးထွက်မလာသေးချေ။ **(SKY)**

Pirates of the Caribbean အတွက် ပါဝင်မည့် သရုပ်ဆောင်များ ထွက်ပေါ်လာ

ဂျက်စပဲရိုး(ခေါ်)ဂျနီနီဒပ်၏ Pirates of the Caribbean အတွက် ပါဝင်မည့် သရုပ်ဆောင်များအတွက် ဆွေးနွေးခဲ့ရာမှ ပါဝင်မည့်သရုပ်ဆောင်များ ထွက်ပေါ်လာခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် မူရင်းသရုပ်ဆောင်များဖြစ်ကြသည့် အော်လန်ဒိုဘရွန်းလည်း ပြန်လည်ပါဝင်ရန် အခွင့်အရေးရှိခဲ့ပြီး ဂျနီနီဒပ်နှင့်အတူ အခြားသရုပ်ဆောင်များလည်း ပါဝင်မည်ဟု သိရသည်။

အော်လဒန်ဒိုဘရွန်းသည် Pirates of the Caribbean ရုပ်ရှင်ငါးကားတွင် လေးကားပါဝင်ခဲ့ပြီး ဇည့်သည်သရုပ်ဆောင်အဖြစ်လည်း ပါဝင်ထားကာ ခုနှစ်ကားခြောက်တွင် မာဂေါ့ရိုဘီနှင့် ပြင်ဆင်နေရာမှာ ၂၀၂၂ ခုနှစ်တွင် ပရောဂျက်ဖျက်သိမ်းခဲ့သည်။

ထုတ်လုပ်သူ ဂျယ်ရီဘရွတ်ဟီမားက ၂၀၂၄ ခုနှစ်တွင် ရုပ်ရှင်နှစ်ကားထွက်ရန်ရှိပြီး မာဂေါ့ရိုဘီနှင့် အမျိုးသမီးကပ္ပတိန် ဂျက်စပဲရိုး၏ Spin Off ကို တွဲလုပ်ချင်ကြောင်း ပြောကြားထားသည်။ **(SKY)**

ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်တို့ တိုကျိုမြို့၌တွေ့ဆုံ

တိုကျို ဩဂုတ် ၂၃

ဂျပန်ဝန်ကြီးချုပ် အီရှီဘာနှင့် တောင်ကိုရီးယားသမ္မတ လီဂျေမြောင်တို့ တိုကျိုမြို့၌ ယနေ့တွေ့ဆုံခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်တို့က ပိုမိုတည်ငြိမ်ပြီး အနာဂတ်အတွက် အလားအလာကောင်းမွန်သည့် ဆက်ဆံရေးတိုးတက်ရန် သဘောတူညီသည့် ကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြသည်။

ဂျပန်နှင့်တောင်ကိုရီးယားတို့၏ တည်ငြိမ်သည့်ဖွံ့ဖြိုးတိုးတက်မှုသည် နှစ်နိုင်ငံစလုံးအတွက် သာမက ဒေသတွင်းတစ်ခုလုံးအတွက်ပါ အကျိုးရှိစေမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာက ပြောကြားသည်။ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်တို့ကြား ပူးပေါင်းဆောင်ရွက်မှုကလည်း အလွန်အရေးကြီးကြောင်း အီရှီဘာက ဆက်လက်ပြောကြားသည်။

နှစ်နိုင်ငံဆွေးနွေးညှိနှိုင်းခြင်းဖြင့် ခက်ခဲသော ပြဿနာများကို ဖြေရှင်းရန်လိုအပ်ကြောင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်တိုင်းတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ပြောကြားသည်။

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်သည် ဇွန်လတွင် သမ္မတ ရာထူးတာဝန် စတင်ထမ်းဆောင်ပြီးနောက် ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်ခြင်းဖြစ်သည်။ ခေါင်းဆောင်နှစ်ဦးက စီးပွားရေးနှင့် လူမှုဆက်ဆံမှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံအနေဖြင့် သက်ဆိုင်ရာနိုင်ငံသားများအား အလုပ်ပိတ်ရက်ဗီဇာ တစ်ကြိမ်ထက်ပို၍ ရရှိစေမည့် သဘောတူညီချက်တစ်ရပ်ကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံရင်ဆိုင်နေရသည့် လူဦးရေ လျင်မြန်စွာ ကျဆင်းမှုနှင့် ကလေးမွေးဖွားနှုန်း နည်းပါးခြင်းကဲ့သို့သော စိန်ခေါ်မှုများကိုလည်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့ပြင် ခေါင်းဆောင်နှစ်ဦးက အမေရိကန်ပါဝင်သော လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုဆွေးနွေးခဲ့ကြောင်း သိရသည်။

ကိုးကား - အင်နှစ်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

INTERNATIONAL NEWS
နိုင်ငံတကာသတင်းများ

အင်ဒိုနီးရှားနိုင်ငံမှ လေ့ပြိုင်ပွဲဝင်လူငယ် ရိုင်ယန်အာကန် ဒီကာကို ပြည်နယ်အုပ်ချုပ်ရေးမှူးက ယဉ်ကျေးမှု သံတမန်အဖြစ် ခန့်အပ်

ဂျကာတာ ဩဂုတ် ၂၃

အင်ဒိုနီးရှားနိုင်ငံ ရီအော ပြည်နယ်၊ ကူအန်တန်စင်ဂင်ဂီမှ လေ့ ပြိုင်ပွဲဝင် လူငယ် ရိုင်ယန် အာကန် ဒီကာသည် ရိုးရာလေ့ ပြိုင်ပွဲ၌ လေ့ဦးထိပ်၌ရပ်ရှေရင်း အူရာ ကောက်စိုက်အက ကပြခဲ့ရာမှ ကမ္ဘာတစ်ဝန်းရှိ အင်တာနက်လူမှု ကွန်ရက်သုံးသူများ၏ အာရုံစိုက်မှုကို ရရှိခဲ့ပြီး ပြည်နယ် အုပ်ချုပ်ရေးမှူးက ၄င်းကို ယဉ်ကျေးမှုဆိုင်ရာ သံတမန်အဖြစ် ခန့်အပ်လိုက်ကြောင်း စီအင်နှစ်ဘိုင် သတင်းဌာနက ဖော်ပြသည်။

ဒီကာသည် ၄င်း၏ဇာတိမြို့ရှိ ပါကူ ဂျလူယာ လေ့ပြိုင်ပွဲတွင် နေကာမျက်မှန်တပ်ကာ အဆိုပါ အကကို အမူအရာမပျက် ကပြခဲ့သည့် စက္တင်ဘာ ၂၀ ကြာ ဗီဒီယိုဗိုင်ကြောင့် နာမည်ကျော်ကြားလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဗီဒီယိုကို ယမန်နှစ်က ရိုက်ကူးခဲ့သော်လည်း အမေရိကန် ရက်ပ်အဆိုတော် မယ်လီမိုက်၏ ယန်းဘလက်အင်နီရစ်ချ် သီချင်းဖြင့် တည်းဖြတ်ထားသည့် ဗီဒီယိုဗိုင်ကို လွှန်ခဲ့သောလ အနည်း ငယ်ကမှ လူမှုမီဒီယာပေါ်တွင် ပျံ့နှံ့ခဲ့ပြီး လျင်မြန်စွာ လူကြည့်များလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

အမေရိကန်ပဟိုဘဏ်ဥက္ကဋ္ဌ၏ အရေးပါသောမိန့်ခွန်းမတိုင်မီ အာရှစတော့ဈေးကွက်များတွင် ကွဲပြားသောလမ်းကြောင်း ပြသ

စင်ကာပူ ဩဂုတ် ၂၃

ကမ္ဘာ့ထိပ်တန်းစီးပွားရေးနိုင်ငံ၏ ဖြစ်နိုင်သည့်အတိုးနှုန်းလျှော့ချရေးဆိုင်ရာ အချက်အလက်များထွက်ပေါ်လာဖွယ်ရှိသည့် အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ၏ အရေးပါသောမိန့်ခွန်းမတိုင်မီ ဩဂုတ်၂၂ ရက်က အာရှစတော့ဈေးကွက်များတွင် ကွဲပြားသောလမ်းကြောင်းကို ပြသခဲ့ကြောင်း စီအင်နှ်အင်နှ်သတင်းဌာနက ဖော်ပြသည်။

မကြာသေးမီရက်များတွင် ရင်းနှီးမြှုပ်နှံသူများက ကမ္ဘာ့စီးပွားရေးအတွက် ရောထွေးနေသော အလားအလာများကို ဆန်းစစ်နေကြသည်။ အထူးသဖြင့် ဥက္ကဋ္ဌ ရည်တုနည်းပညာတွင် တိုးတက်မှုများ ဆက်လက်ရှိနေသော်လည်း ငွေကြေးဖောင်းပွမှု ဆိုင်ရာစိုးရိမ်ပူပန်မှုများဖြင့် ဝန်းရံလျက်ရှိသည်။

အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျရိုမ်မဲပါဝဲလ်သည် ဝိုင်အိုမင်းပြည်နယ်၊ ဂျက်ဆင်ဟိုးလ်တွင် ဗဟိုဘဏ်များ၏ နှစ်ပတ်လည်စုဝေးပွဲ၌ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ယခုနှစ်တွင် ပါဝဲလ်သည် အတိုးနှုန်းလျှော့ချရန်အတွက် သမ္မတဒေါနယ်ထရန့်ထံမှ ပြင်းထန်သော ဖိအားများ ရင်ဆိုင်ခဲ့ရသဖြင့် လွတ်လပ်သောဗဟိုဘဏ် အပေါ် ပုံမှန်မဟုတ်သည့် နိုင်ငံရေး ဝင်ရောက်စွက်ဖက်မှုဖြစ်နေကြောင်း သိရသည်။

Mon

တရုတ်အခြေစိုက် ဘိုင်ဒီလျှပ်စစ်ကား ထုတ်လုပ်ရေးလုပ်ငန်း မလေးရှားနိုင်ငံတွင် ပထမဆုံးကားစက်ရုံတည်ထောင်မည်

ကွာလာလမ်ပူ ဩဂုတ် ၂၃

တရုတ်အခြေစိုက် ဘိုင်ဒီဒီလျှပ်စစ်ကားထုတ်လုပ်ရေးလုပ်ငန်းက ၄င်း၏ ပထမဆုံးသော ကားထုတ်လုပ်ရေးစက်ရုံကို မလေးရှားနိုင်ငံ၊ ပီရက်ပြည်နယ်၊ တန်ဂျန်းမာလင်မြို့ရှိ ကေအယ်လ်ကေ နည်းပညာဥယျာဉ်တွင် တည်ထောင်မည်ဖြစ်ကြောင်း သိရသည်။

ဘိုင်ဒီဒီ၏ ရင်းနှီးမြှုပ်နှံမှုကို ၂၀၂၃ ခုနှစ်တွင် မူအလင်မ်ခရိုင်အား နိုင်ငံတကာ မော်တော်ကားကဏ္ဍတွင် အဓိကနေရာတစ်ခုအဖြစ် ထူထောင်ရန် မိတ်ဆက်ခဲ့သည့် မူအလင်မ်အမြန်လမ်း အရှိန်မြှင့်တည်ဆောက်ရေးစီမံကိန်းမှ တစ်ဆင့် သုံးလအတွင်း တိုးမြှင့်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပီရက်ပြည်နယ်၌ ဘိုင်ဒီဒီ၏ ရင်းနှီးမြှုပ်နှံမှုသည် မလေးရှား၏ လျှပ်စစ်ကားကဏ္ဍအတွက် တွန်းအားတစ်ရပ်ဖြစ်လာမည်ဟု ကုမ္ပဏီထုတ်ပြန်ချက်တစ်ခုတွင် ကွာလာလမ်ပူ ကီပုန်အိမ်ခြံမြေ လုပ်ငန်းခွဲဖြစ်သည့် ကေအယ်လ်ကေလန်းက သုံးသပ်တင်ပြသည်။

ယင်းကားထုတ်လုပ်ရေးစက်ရုံသစ်အနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရုံသာမက နည်းပညာတွေလွှဲပြောင်းပေးခြင်း၊ အီးဗီထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်မှုတွေကို မြှင့်တင်ပေးခြင်းနှင့် အထောက်အကူပြုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်လာအောင် တွန်းအားပေးခြင်းများ ကိုလည်း ပံ့ပိုးပေးမည်ဖြစ်သည်။

ထို အကျိုးသက်ရောက်မှုများကြောင့် ပြည်တွင်းကုမ္ပဏီများ အနေဖြင့် ကမ္ဘာလုံးဆိုင်ရာ အီးဗီထောက်ပံ့ရေးကွင်းဆက်၌ ပါဝင်နိုင်ပြီး ဒေသတွင်းမော်တော်ကားနယ်ပယ်မှာ မလေးရှား၏ ရပ်တည်မှုကို ပိုမိုမြင့်မားလာစေလိမ့်မည်ဟု အဆိုပါကုမ္ပဏီက ဆက်လက်အစီရင်ခံကြောင်း သိရသည်။

Mon

ထိုင်းနိုင်ငံတောင်ပိုင်းဒေသတွင် မိုးသည်းထန်စွာရွာသွန်း ဖူးခက်မြို့ ရေကြီးနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရ

ဘန်ကောက် ဩဂုတ် ၂၃

ထိုင်းနိုင်ငံတောင်ပိုင်းဒေသတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေပြီး ဖူးခက်မြို့သည် ရေကြီးနိုင်သည့် အန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း စီအင်နှ်အိုင်သတင်းဌာနကဖော်ပြသည်။

ဩဂုတ် ၂၂ ရက်နေ့တွင် ရေမျက်နှာပြင်မြင့်တက်လာကာ ဘန်းယိုင်တူးမြောင်းရေ လျှံတက်နိုင်ခြေရှိသဖြင့် ဒေသအာဏာပိုင်များက သတိပေးချက် ထုတ်ပြန်ခဲ့ရသည်။

ဖူးခက်မြို့ရှိ အချို့နေရာများတွင် မိုးသည်းထန်စွာရွာသွန်းမှု သတင်းများကြောင့် အခြေအနေကို မြို့တော်ဝန်ဖြစ်သူ မစ္စတာ ဆူဖာ ချိုလောင်ပက် သွားရောက် ကွင်းဆင်းကြည့်ရှုခဲ့သည်။ ရေပမာဏကို အထူးသဖြင့် ရေစုပ်စက်ရုံများတွင် အနီးကပ်စောင့်ကြည့်ရန် တာဝန်ရှိသူများအား ညွှန်ကြားခဲ့သည်။

နံနက် စောစောတွင် ဘန်းယိုင်တူးမြောင်းအတွင်းရှိ ရေပမာဏသည် ရေတက်ချိန်နှင့် တိုက်ဆိုင်နေသဖြင့် သိသိသာသာ မြင့်တက်လာခဲ့ရာ အကယ်၍ မိုးဆက်လက်ရွာသွန်းပါက ထိုဒေသတွင် ရေကြီးနိုင်သည်ဟု အာဏာပိုင်များက သတိပေးထားကြောင်း သိရသည်။

Mon

မီးသတ်တပ်ဖွဲ့ဝင်များ၏အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လေ့ကျင့်သင်ကြားခြင်းများ ဆောင်ရွက်

မန္တလေး ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး အတွင်း မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် Light Urban Search and Rescue Team သင်တန်းသားများ၏ လေ့ကျင့်သင်ကြားမှုကို ဩဂုတ် ၂၂ ရက်နံနက် ၈ နာရီက ချမ်းမြသာစည်မြို့နယ် ဂုဂုလမ်း၊ ၁၀၉လမ်းရှိ Art Centre အဆောက်အအုံတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ လေ့ကျင့်သင်ကြားမှုတွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်၊ လေ့ကျင့်ရေးဌာနစုတွင် ဖွင့်လှစ်သင်ကြားခဲ့သည့် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း အမှတ်စဉ်(၁၈/၂၀၂၅) သင်တန်းဆင်း သင်တန်းသား ၁၀ ဦးနှင့် အတူ ထပ်မံအင်အားဖြည့် ၁၀ ဦးတို့ ပူးပေါင်း၍ လက်တွေ့ လေ့ကျင့်သင်ကြားခြင်း ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ခရိုင်၊ မြို့နယ်များမှ မီးသတ်တပ်ဖွဲ့ဝင်များဖြင့်မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားလာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျင်မြန်စွာတုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် Light Urban Search and Rescue Team ဖွဲ့စည်း၍ လေ့ကျင့်ဆောင်ရွက်လျက်ရှိကြောင်း မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းစိုးထမ့ သိရသည်။

(အောက်ပုံ)

ချမ်းမြေ(ချမ်း/စည်)

မီးခိုးမြှုင့်နှင့်လေထုညစ်ညမ်းမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြော

စဉ်ကိုင် ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနနှင့် သမဝါယမဦးစီးဌာနတို့ပူးပေါင်း၍ မီးခိုးမြှုင့်နှင့် လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ ရက်နံနက် ၁၀ နာရီခွဲက စဉ်ကိုင်မြို့နယ်၊ သင်္ဂီတုံကျေးရွာမမ္မာရုံ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲသို့ ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးသီဟကျော်၊ စဉ်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူနှင့် ဝန်ထမ်းများ၊ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူနှင့်ဝန်ထမ်းများ၊ကျေးရွာသူ၊ ကျေးရွာသား တက်ရောက်ခဲ့ကြသည်။

ဆက်လက်၍ စဉ်ကိုင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မူက မီးခိုးမြှုင့်မဖြစ်ပေါ်စေရန် ကာကွယ်နိုင်မည့်အချက်များကိုလည်း ကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးသီဟကျော်က မီးခိုးမြှုင့်နှင့် လေထုညစ်ညမ်းမှုအန္တရာယ်နှင့်ပတ်သတ်ပြီး မီးခိုးမြှုင့်ညစ်ညမ်းမှုကြောင့် သက်ရောက်နိုင်သည့် ဆိုးကျိုးအန္တရာယ်များ၊ မီးခိုးမြှုင့်ညစ်ညမ်းမှု မဖြစ်ပေါ်စေရန် လိုက်နာရမည့်အချက်များ၊ မီးခိုးမြှုင့်ညစ်ညမ်းမှုလျှော့ချခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ပြီး မီးခိုးမြှုင့်ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ခဲ့ပုံ)(၃၉၉)**

ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်

တပ်ကုန်း ဩဂုတ် ၂၃

ပြည် ထောင် စု နယ် မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဘုရင့်နောင်ရပ်ကွက်တွင် ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၂ ရက် မွန်းလွဲ ပိုင်းက အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

ရှေးဦးစွာ ဆက်သွယ်ရေးလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုကလစ် (Video Clip)ပြသခဲ့ပြီးနောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြသန္တာလွင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲအုပ်မင်းမင်းလှိုင်တို့က ဆက်သွယ်ရေး လိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာများ ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဆက်လက်၍ ကျန်ရပ်ကွက်၊ ကျေးရွာများနှင့် အခြေခံပညာကျောင်းများတွင် ဆက်လက်၍ အသိပညာပေးဟောပြောမည် ဖြစ်ကြောင်း၊ ဟောပြောပွဲအပြီးတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် သုတရသ စာအုပ်များနှင့်အသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်နှင့်လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ပမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင် ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် ဝိုင်းနားကျေးရွာ ဟိန်းအောင်စက်သုံးဆီ အရောင်းဆိုင်တွင် ရဝ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာ ဒေါ်ပုံမြို့နယ် သင်္ဘောကျင်းရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီးကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၃ ဒသမ ၂၂၄ တန်နှင့် အဆိုပါသစ်များတင်ဆောင်လာသည့် Hino Ranger Truck တစ်စီးကို သစ်တောဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၂၀ ရက်တွင် မကွေးတိုင်းဒေသကြီး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ်၊ ဆင်ပေါင်ဝဲမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ် တို့၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းသုံးလုံးနှင့် ငွေစက္ကူရောရာကို လောင်းကစားဥပဒေအရလည်းကောင်း၊ သရက်မြို့နယ်၊ ငဖဲမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ ချောက်မြို့နယ်နှင့် မကွေးမြို့နယ်တို့၌ လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်ရှစ်စီးကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကွတ်ခိုင်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းသုံးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Alphard တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင် ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

စာတိုးကျေးရွာအုပ်စုတွင် အင်ဂျင်ဝိုင်ချက်ဖိုလုပ်ငန်း၌ မီးလောင်မှုဖြစ်ပွား

အမရပူရ ဩဂုတ် ၂၃

အမရပူရမြို့နယ် စာတိုးမြို့ ပြင်ကြီးကျေးရွာအုပ်စု၊ စာတိုးကျေးရွာရှိ အင်ဂျင်ဝိုင်ချက်ဖို လုပ်ငန်းတွင် ဩဂုတ် ၂၀ ရက်က ထင်းမီးနှင့် အင်ဂျင်ဝိုင်အဟောင်းများ ထိတွေ့ပြီးမီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ အင်ဂျင်ဝိုင်ပေါင်းဖို တွင် ထင်းမီးဖြင့် အင်ဂျင်ဝိုင် အဟောင်းများကို ချက်နေစဉ် မီးများပြီး အင်ဂျင်ဝိုင်အင္ဂေနှင့် ထိတွေ့ရာမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်သည့် နေရာသို့ မီးငြိမ်းသတ်ယာဉ် လေးစီး၊ ရေသယ်ယာဉ် တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နိုင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရခြင်းနှင့် သေဆုံးမှုမရှိကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုနှင့် ပတ်သက်၍ အင်ဂျင်ဝိုင်ချက်ဖို လုပ်ငန်းမှ ----အား အမရပူရမြို့နယ် မြစ်ငယ် နယ်မြေရဲစခန်းမှ အမှုဖွင့်လျက်ရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

ပြည်တွင်းသုံး ကုလားပဲနှင့် နှမ်းမျိုးစုံစျေးကွက် ပြန်လည်ဈေးကောင်းရရှိလာသော်လည်း ပို့ကုန်ပဲများ ဆက်လက်စျေး ကျဆင်းနေ

မန္တလေး ဩဂုတ် ၂၃

ပြည်တွင်းသုံး ကုလားပဲနှင့် နှမ်းမျိုးစုံစျေးကွက် ပြန်လည်ဈေးကောင်းရရှိလာသော်လည်း ပို့ကုန်ပဲများ ဆက်လက် စျေးကျဆင်းနေကြောင်း ပဲကုန်သည်များထံက သိရသည်။ နိုင်ငံခြားငွေစျေးတည်ငြိမ်နေတာနှင့်အတူ ပို့ကုန်ပဲများ ဆက်လက် အရောင်းအဝယ်အေးနေကြောင်း စျေးကျဆင်းနေသည့် နှမ်းမျိုးစုံ စျေးကွက်မှာ ပြည်တွင်းလှောင်လက်များနှင့် ပို့ကုန်သမားများ အဝယ်ဆုံနေတာကြောင့် စျေးပြန်လည်မြင့်တက်ပြီး အဝယ်သွက်နေကြောင်း၊ ပဲနှမ်းစျေးကွက်မှာ လိုရောင်း၊ လိုဝယ်စျေးကွက်ဖြင့် ပုံမှန်သာအရောင်းအဝယ်ရှိနေကြောင်း ရွှေစင်သိန်းပွဲရုံ ပိုင်ရှင် ဦးကျော်သွင်က ပြောသည်။

"ပြည်တွင်းသုံးကုလားပဲတွေ လိုရောင်း၊ လိုဝယ်လေးနဲ့ စျေးအကျကနေ ပြန်တက်လာပါတယ်။ နှမ်းမျိုးစုံကတော့ စျေးပြန်တက်လာပါတယ်။ လှောင်လက်သမားအဝယ်နဲ့ ပို့သမားအဝယ်တွေ ဆုံနေပါတယ်။နှမ်းနက်တွေလည်း တစ်အိတ်ငွေကျပ် ၈၀၀၀၀ အထိ ပြန်ရောက်လာပါတယ်။ နှမ်းမျိုးစုံက နယ်စျေးကွက်မှာ ပိုအရောင်းအဝယ်ကောင်းလာပါတယ်။ မြေပဲဆန်စျေးတွေကတော့ စျေးအတက်မရှိဘဲ စျေးကျနေပြီး အရောင်းအဝယ်ကတော့ ရှိနေပါတယ်။ ကျွန်းစားတော်ပဲတွေကတော့ စျေးအနည်းငယ်ပြန်ကျပါတယ်။ နိုင်ငံခြားငွေစျေးငြိမ်နေတော့ ပို့ကုန်ပဲတွေကတော့ ဆက်လက်စျေးငြိမ်နေပါတယ်။ လက်ရှိပဲ၊ နှမ်းစျေးကွက်တစ်ခုလုံးကတော့ အရောင်းအဝယ်သွက်သွက်ကြီး မကောင်းပေမယ့် ပုံမှန်စျေးကွက်သာရှိပါတယ်"ဟု ၄င်းကပြောသည်။

ဩဂုတ် ၂၃ ရက်တွင် ပို့ကုန်ပဲများဖြစ်သည့် ပဲစင်းငုံ ပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၄၂၀၀၀၊ မတ်ပဲ ပိသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ ပဲတီစိမ်း(အညာ) သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၁၀၀၀၀ အထိ ဈေးကျဆင်းနေသည်။ ပြည်တွင်းသုံးကုလားပဲ အုပ်စုမှာ အနည်းငယ် အတက်အကျရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၅၀၀၀၊ V7 သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၅၀၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၄၀၀၀၀၊ ၉၂၉ ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၄၈၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံးပဲမာလိုင်းများတွင် စျေးအမြင့်ပေါက်ဈေးများမှ အနည်းငယ် ပြန်လည်ကျဆင်းမှုရှိလာရာ ဩဂုတ် ၂၃ ရက်တွင် ပဲကြီး တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၆၃၀၀၀၀၊ ပဲနီပြာ(ကျွန်း)တစ်အိတ်လျှင် ငွေကျပ် ၅၀၀၀၀၀ ၊ပဲထောပတ်(သစ်) တစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ စားတော်ပဲ (ကနေဒါ)တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀ ပေါက်ဈေး ရှိနေသည်။

နှမ်းမျိုးစုံစျေးကွက်မှာ စျေးကျဆင်းနေသည့်အတွက် လှောင်လက်သမားများနှင့် ပို့ကုန်သမားများ အဝယ်ဆုံနေသဖြင့် အရောင်းဝယ်သွက်နေရာ ဩဂုတ် ၂၃ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် အက်စစ်မလွတ် ငွေကျပ် ၇၄၅၀၀၀၊ အက်စစ်လွတ် ငွေကျပ် ၇၇၅၀၀၀၊ နှမ်းဖြူ(ကျပန်)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၇၅၀၀၀၊ နှမ်းညိုသုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ပေါက်ဈေး ရှိနေပြီး လက်ရှိအချိန်တွင် ပစ္စည်းအရည်အသွေးကောင်းရင် ကောင်းသလို စျေးကောင်းပေးဝယ်ယူမှု ရှိနေရာ မြေပဲအနီလုံးဆန် တစ်ပိသာလျှင် ငွေကျပ် ၇၅၅၀၊ မြေပဲဆီတစ်ပိသာလျှင် ငွေကျပ် ၁၅၀၀၀-၁၆၀၀၀၊ ပဲဖတ် တစ်ပိသာလျှင် ငွေကျပ် ၄၅၀၀-၄၆၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

မန္တလေးကုန်စည်ဖိုင်၏ ပဲ၊ နှမ်းပေါက်ဈေးများမှာ ပစ္စည်းအရည်အသွေးနှင့် ဝယ်လိုအားရောင်းလိုအားပေါ်မူတည်ပြီး စျေးနှုန်း အပြောင်းအလဲများ ဖြစ်နိုင်သလို စျေးအတက်အကျ ကိုလည်း ကုန်သည်ပွဲစားများမှ ထိန်းသိမ်းကာ သတင်းထုတ်ပြန်မှုများကြောင့် နေ့စဉ်ပေါက်ဈေးများမှာ အပြောင်းအလဲရှိနိုင်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း

အခြေခံသမဝါယမအသင်းသား ၁၆၂ ဦး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေပြင့် ပိုးစပါး ၁၀၃၃ ဧက စိုက်ပျိုး

ကျောက်ဆည် ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆည်၊ မြောင်း၊ ကန်၊ ချောင်း ပေါများပြီး ဆန်စပါးကို အဓိကထားစိုက်ပျိုးလျက်ရှိရာ မိုးသီးနှံရာသီ၌ အခြေခံသမဝါယမ အသင်း ခုနှစ်သင်းမှ အသင်းသား တောင်သူ ၁၆၂ ဦး နိုင်ငံ့စီးပွား မြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါး ၁၀၃၃ ဧက စိုက်ပျိုးထားရှိသည်။

အဆိုပါ မိုးစပါးသီးနှံများကို အခြေခံသမဝါယမအသင်းများ ဖြစ်သည့် တောင်ပလူကျေးရွာမှ အသင်းသားတောင်သူ ၄၆ ဦးက ဧက(၂၀၀)၊ ရဲမအူကျေးရွာမှ အသင်းသားတောင်သူ ၂၄ ဦးမှ ဧက(၂၀၀)၊ ရွှေလေးကျေးရွာမှ အသင်းသားတောင်သူ ၁၆ ဦးမှ ဧက(၁၀၀)။ ပင်တလည်ကျေးရွာမှ အသင်းသားတောင်သူ ၁၇ ဦးမှ ဧက(၁၀၀)၊ ထားဝယ်ကျေးရွာမ အသင်းသား တောင်သူ ကိုးဦးမှ ဧက(၁၀၀)၊ ဧရပ်ဖြူကျေးရွာမှ အသင်းသားတောင်သူ ခြောက်ဦးမှ ဧက(၅၀)၊ ပုထိုးနီကျေးရွာမှ အသင်းသားတောင်သူ ၄၄ ဦးမှ (၂၈၃)ဧက စုစုပေါင်း (၁၀၃၃) ဧက စိုက်ပျိုးထားသည်။

မြို့နယ်သမဝါယမဦးစီးဌာနမှ အခြေခံသမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးသီးနှံများ အောင်မြင်စေရေးနှင့် သွင်းအားစုများ အခက်အခဲမရှိစေရေး စပါးတစ်ဧကအတွက် ငွေကျပ် နှစ်သိန်း နှုန်းနှင့် ညီမျှသော သွင်းအားစုများကို နိုင်ငံ့စီးပွားရန်ပုံငွေဖြင့် ထောက်ပံ့ပေးခဲ့သည်။ ထွက်ရှိလာသည့် စပါးများ ရောင်းချရာ၌ အလွယ်တကူ ရောင်းချနိုင်ရေးနှင့် အကျိုးအမြတ်ရရှိရေး ဝယ်ယူကြိတ်ခွဲရေးအဖွဲ့များ ဖွဲ့စည်းထားပြီး သတ်မှတ်ကာလပေါက်ဈေးဖြင့် ဝယ်ယူသွားမည်ဖြစ်သဖြင့် မိုးစပါးစိုက် အခြေခံသမဝါယမ အသင်းသားများ၏ လူမှုစီးပွား ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၅)

အင်္ဂလိပ် ပရီးမီးယားလီဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)အနိုင်၊ အရှုံး				NGB
မန်စီးတီး	၀	-	၂	စပါး
ဘုန်းမောက်	၁	-	၀	ဝုဖ်
ဘရန်တိုဒ်	၁	-	၀	ဗီလာ
ဘန်လေ	၂	-	၀	ဆန်းဒါးလန်း
အာဆင်နယ်	၅	-	၀	လီဒ်စ်

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)အနိုင်၊ အရှုံး				NGB
ဂျီနိုအာ	၀	-	၀	လက်ချီ
ဆက်ဆူအိုလို	၀	-	၂	နာပိုလီ

ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂)အနိုင်၊ အရှုံး				NGB
ဟာဆေး	၅	-	၂	ပါရီ

စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂) အနိုင်၊ အရှုံး				NGB
ဟယ်ဗာကာ	၁	-	၁	ဆဲလ်တာဗီဂို

ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁)အနိုင်၊ အရှုံး				NGB
လေဗာကူဆင်	၁	-	၂	ဟော်ဖင်ဟိမ်း
ဗရန်ဗတ်	၄	-	၁	ဝါဒါဘာရီမင်
ဗရိုင်းဘတ်	၁	-	၃	အော့စ်ဘတ်
စီန်ဇယ်လီ	၃	-	၃	ဒေါ့မ်မန်
ယူနီယံဘာလင်	၂	-	၁	စတုဂတ်

အစိုးရနည်းပညာ အထက်တန်းကျောင်း(မိတ္ထီလာ)တွင် မိုးရာသီအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

မိတ္ထီလာ ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် ၂၀၂၅-၂၀၂၆ မိုးရာသီအားကစား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက အစိုးရနည်းပညာ အထက်တန်းကျောင်း(မိတ္ထီလာ)တွင် ကျင်းပသည်။

ရှေးဦးစွာ မိုးရာသီအားကစားပြိုင်ပွဲ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် BT အသင်းနှင့် ETအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြိုင်ပွဲအတွင်း တစ်ဂိုးစီ သရေကျပြီး အနိုင်းအရှုံးမပေါ်သည့်အတွက် ပင်နယ်တီကန် သွင်းရာ BT အသင်းက ET အသင်းကို လေးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ၄င်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ အစိုးရနည်းပညာ အထက်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ဆရာကြီး ဦးစိန်ကျော်လှိုင်က အမှာစကားပြောကြားပြီး ၂၀၂၅-၂၀၂၆ မိုးရာသီအားကစားပြိုင်ပွဲအဖြစ် ကျင်းပသည့် အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲများတွင် ဆုရရှိသည့်အသင်းများနှင့် နေရာအလိုက် အကောင်းဆုံးရရှိသည့် အားကစားသမားများအား ကျောင်းအုပ်ဆရာကြီးနှင့် ဌာနမှူးများ၊ ဆရာ၊ ဆရာမများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်သည်။

အဆိုပါ မိုးရာသီအားကစားပြိုင်ပွဲတွင် အမျိုးသားဘောလုံးပြိုင်ပွဲ၊ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး လွန်ဆွဲပြိုင်ပွဲများကို ဩဂုတ် ၁၈ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၆၉)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး။

နိုင်ငံတကာ အားကစား သတင်းများ

ဟယ်ရီကိန်း ဘွန်ဒက်လီဂါကစားသမားဘဝ ဟက်ထရစ် သွင်းဂိုး ရှစ်ကြိမ်အထိ သွင်းယူနိုင်ခဲ့

မြူးနစ် သြဂုတ် ၂၃

ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘွန်ဒက်လီဂါ ကစားသမားဘဝ ဟက်ထရစ် သွင်းဂိုးပေါင်း ရှစ်ကြိမ်မြောက်အထိ သွင်းယူနိုင်သည့် မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ဘွန်ဒက်လီဂါပွဲစဉ်အဖြစ် ဘိုင်ယန်မြူးနစ်အသင်းက လိုက်ပဇစ်အသင်းအား ဖိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အဖိုးတန် သွင်းဂိုး သုံးဂိုး သွင်းယူပေးပြီးနောက် ယခုလို မှတ်တမ်းတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

တိုက်စစ်မှူး ဟယ်ရီကိန်းသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၈ပွဲကစားပြီး ၈၉ဂိုးထိ သွင်းယူထားသည်။ **(NGB)**

2025 Tennis in the Land powered by Rocket တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်သို့ Wang Xinyu တက်ရောက်

ဝါရှင်တန် သြဂုတ် ၂၃

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး

တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Tennis in the Land powered by Rocket တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ တရုတ်တင်းနစ်မယ် Wang Xinyu တက်ရောက်ခဲ့သည်။

အဆိုပါ တရုတ်တင်းနစ်မယ် Wang Xinyu သည် 2025 Tennis in the Land powered by Rocket တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဆွစ်ဇာလန်တင်းနစ်မယ် Viktorija Golubic အား ၄-၆၊ ၆-၄၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Tennis in the Land powered by Rocket တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် တရုတ်တင်းနစ်မယ် Wang Xinyu နှင့် အမေရိကန် တင်းနစ်မယ် Ann Li တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(ဝဲပုံ)
(NGB)

ရီနာတိုဗေဂါအား ဗီလာရီးရဲလ်အသင်းခေါ်ယူ

မက်ဒရစ် သြဂုတ် ၂၃

ဗီလာရီးရဲလ်အသင်းသည် ချဲလ်ဆီးအသင်း နောက်ခံကစားသမား ရီနာတိုဗေဂါအား ပြောင်းရွှေ့ကြေး ယူရို ၂၉သန်း ၅သန်းဖြင့် ခေါ်ယူခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဗီလာရီးရဲလ်အသင်းနှင့် အတူ (၇)နှစ်စာချုပ်ဖြင့် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ရီနာတိုဗေဂါသည် ပြီးခဲ့သည့် ဘောလုံးရာသီက ချဲလ်ဆီးအသင်းမှ ဂျုဗင်တပ်အသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၁၅ပွဲကစားကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဗီလာရီးရဲလ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

(အောက်ပုံ)
(NGB)

ရှာဘင်ဒီယက်စ် မန်ချက်စတာစီးတီးအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

မန်ချက်စတာ သြဂုတ် ၂၃

မန်ချက်စတာစီးတီးအသင်းသည် အသင်းနောက်ခံကစားသမား ရှာဘင်ဒီယက်စ်အား ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၃ပွဲကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ရှာဘင်ဒီယက်စ်က 'ကျွန်တော် အခုလိုအသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ပြီးတော့ အသင်းနှင့်အတူဆုဖလားများစွာ ရရှိအောင်လည်း အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်' ဟု ပြောသည်။ **(အပေါ်ပုံ)**

(NGB)

နော်တင်ဟမ်ဖောရက်စ်အသင်းတွင် ဒေါက်ဂလပ်စ်လူးဝစ်ဇ် ကျောနံပါတ် (၁၂)ဂျာစီ ဝတ်ဆင်ကစားမည်

လန်ဒန် သြဂုတ် ၂၃

ကွင်းလယ်ကစားသမား ဒေါက်ဂလပ်စ်လူးဝစ်ဇ်သည် နော်တင်ဟမ်ဖောရက်စ်အသင်းတွင် ကျောနံပါတ် (၁၂)ဂျာစီ ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဂျုဗင်တပ်အသင်းမှ နော်တင်ဟမ်ဖောရက်စ် အသင်းသို့ အငှားဖြင့် ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမား ဒေါက်ဂလပ်စ်လူးဝစ်ဇ်သည် ဂျုဗင်တပ်အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၂၇ပွဲကစားပြီး အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ **(NGB)**

ဗြိတိသျှ စီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ပေါ်မှ နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်(နောက်ဆုံး ၁၊ ၃ ရလဒ်)			ယမန်နှစ်ရလဒ်		
၂၄-၈-၂၀၂၅	ည ၁၁:၃၀ နာရီ	ကယ်ဂလီယာရီ	-	ဗီအိုရင်တီးနား	ကယ်ဂလီယာရီ	၁-၂	ဗီအိုရင်တီးနား
တနင်္ဂနွေနေ့		(L,W,D,D,W)		(W,L,D,L,W)	ဗီအိုရင်တီးနား	၁-၀	ကယ်ဂလီယာရီ
″	″	ကိုမို	-	လာဇီယို	ကိုမို	၁-၅	လာဇီယို
		(W,W,W,L,W)		(W,L,D,W,W)	လာဇီယို	၁-၁	ကိုမို
၂၅-၈-၂၀၂၅	နံနက် ၀၁:၃၅ နာရီ	အတ္တလန္တာ	-	ပီဇာ	အတ္တလန္တာ	၂-၀	ပီဇာ
တနလာင်္ဂနေ့		(W,W,L,D,L)		(W,L,D,D,W)	ပီဇာ	၀-၁	အတ္တလန္တာ
″	″	ဂျုဗင်တပ်	-	ပါးမား	ဂျုဗင်တပ်	၂-၂	ပါးမား
		(L,D,W,W,W)		(D,D,W,L,W)	ပါးမား	၁-၀	ဂျုဗင်တပ်

ဘီလဂျီယမ် ပရီးမီးယားလီဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ပေါ်မှ နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်(ပွဲစဉ် ၁ ရလဒ်)			ယမန်နှစ်ရလဒ်		
၂၄-၈-၂၀၂၅	ည ၈:၀၀ နာရီ	(၁)ဗဲလ့စ်	-	နော်တင်ဟမ်	ဗဲလ့စ်	၁-၁	နော်တင်ဟမ်
တနင်္ဂနွေနေ့		(D)		(W)	နော်တင်ဟမ်	၁-၀	ဗဲလ့စ်
″	″	(၁၄)အဲတာတန်	-	ဘရိုက်တန်(၁၁)	အဲတာတန်	၀-၃	ဘရိုက်တန်
		(L)		(D)	ဘရိုက်တန်	၀-၁	အဲတာတန်
″	ည ၁၀:၃၀ နာရီ	(၈)ဗူလ်ဟမ်	-	မန်ယူ(၁၅)	ဗူလ်ဟမ်	၀-၁	မန်ယူ
		(D)		(L)	မန်ယူ	၁-၀	ဗူလ်ဟမ်

ပစိဖိတ် လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ပေါ်မှ နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်(ပွဲစဉ် ၁ ရလဒ်)			ယမန်နှစ်ရလဒ်		
၂၄-၈-၂၀၂၅	ည ၁၀:၀၀ နာရီ	(၁၆)အိုဆာဆူနာ	-	ဝလင်စီယာ(၁၁)	အိုဆာဆူနာ	၃-၃	ဝလင်စီယာ
တနင်္ဂနွေနေ့		(L)		(D)	ဝလင်စီယာ	၀-၀	အိုဆာဆူနာ
၂၅-၈-၂၀၂၅	နံနက် ၀၀:၃၀ နာရီ	(၉)ဆိုစီဒက်	-	အက်စ်ပန်ညိုရ(၇)	ဆိုစီဒက်	၂-၁	အက်စ်ပန်ညိုရ
တနလာင်္ဂနေ့		(D)		(W)	အက်စ်ပန်ညိုရ	၀-၁	ဆိုစီဒက်
″	″	(၃)ဗီလာရီးရဲလ်	-	ကျီရွိနာ(၁၇)	ဗီလာရီးရဲလ်	၂-၂	ကျီရွိနာ
		(W)		(L)	ကျီရွိနာ	၀-၁	ဗီလာရီးရဲလ်
″	နံနက် ၀၂:၀၀ နာရီ	(၁၉)အိုဗီဗေအို	-	ရီးရဲလ်မက်ဒရစ်(၀)	အိုဗီဗေအို	၂-၂	ရီးရဲလ်မက်ဒရစ်
		(L)		(W)	(၂၅-၇-၂၀၁၂ ခြေတေးပွဲ)		

ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ပေါ်မှ နိုင်ကမ္ဘာ

ယှဉ်ပြိုင်ရက်	အချိန်	ပွဲစဉ်(ပွဲစဉ် ၁ ရလဒ်)			ယမန်နှစ်ရလဒ်		
၂၄-၈-၂၀၂၅	ည ၈:၁၅ နာရီ	(၁၁)လိုရီယန့်	-	ရင်းနက်စ်(၀)	လိုရီယန့်	၂-၁	ရင်းနက်စ်
တနင်္ဂနွေနေ့		(L)		(W)	ရင်းနက်စ်	၁-၂	လိုရီယန့်
″	ည ၁၀:၁၅ နာရီ	(၁၈)လီဟာတ	-	လန်းစ်(၁၇)	လီဟာတ	၁-၂	လန်းစ်
		(L)		(L)	လန်းစ်	၃-၄	လီဟာတ
″	″	(၃)စထရာဘိုး	-	နန့်တက်စ်(၁၃)	စထရာဘိုး	၃-၁	နန့်တက်စ်
		(W)		(L)	နန့်တက်စ်	၀-၁	စထရာဘိုး
″	″	(၄)ထူးလော့	-	ဘရက်(၁၀)	ထူးလော့	၂-၄	ဘရက်
		(W)		(D)	ဘရက်	၂-၀	ထူးလော့
၂၅-၈-၂၀၂၅	နံနက် ၀၁:၃၅ နာရီ	(၉)လိုင်လီ	-	ပီနာကို(၁)	လိုင်လီ	၂-၁	ပီနာကို
တနင်္ဂနွေနေ့		(D)		(W)	ပီနာကို	၀-၀	လိုင်လီ

မိတ္ထီလာမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးပွဲ ပြုလုပ်

မိတ္ထီလာ ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်း အခမ်းအနားကို ဩဂုတ် ၂၂ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။

မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဖြင့် လက်တွေ့ သရုပ်ပြစမ်းသပ်မဲပေးခြင်းနှင့် အသိပညာပေးခြင်းအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးက မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ ဆန္ဒမဲပေးရခြင်းနှင့် ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မြင့်က မိတ်ဆက်စကားပြောကြားပြီး ရွေးကောက်ပွဲ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးပြောကြားခဲ့သည်။ ယင်းနောက် မိတ္ထီလာမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ မြို့နယ် ရွေးကောက်ပွဲအရာရှိ ဒေါ်တင်မိုးလတ်က မြန်မာအီလက်ထရောနစ်မဲပေးစက် ဖွဲ့စည်းတည်ဆောက်ပုံနှင့် မဲပေးပုံ၊ မဲပေးနည်း အဆင့်ဆင့်အား ရှင်းလင်းပြောကြားခဲ့ပြီး သရုပ်ပြပွဲသို့ တက်ရောက်လာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများက တစ်ဦးချင်းလက်တွေ့ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါသရုပ်ပြစမ်းသပ်မဲပေးခြင်းအခမ်းအနားကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ် ရွေးကောက်ပွဲအရာရှိ၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၆၉)

အဘိုး၊ အဘွားများနှင့်အငြိမ်းစားဝန်ထမ်းများအား အခမဲ့ ဆေးကုသပေး

ကံမ ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး၊ ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက်(၈၅)နှစ်အထက် အဘိုး၊ အဘွားများနှင့် အငြိမ်းစားဝန်ထမ်းများအား ဆီးချို၊ သွေးချို သွေးတိုးနှင့် နှလုံးရောဂါများ စစ်ဆေးပေးခြင်းကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ ဆေးရုံတွင် အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့သည်။

ထိုသို့ စစ်ဆေးကုသရာတွင် ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်းနှင့် လိုအပ်သည့် ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဗိုလ်၊ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေးဆရာမများက အခမဲ့ စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေးကုသပေးကြောင်း မြို့နယ်ပြည်သူ့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ဝဲပုံ)

ဇော်ထက်(သရက်)

ကောက်စိုက်စက်နှင့် စပါးမျိုးစေ့ချကိရိယာများ လေ့လာကြည့်ရှု

ဝမ်းတွင်း ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်တွင် စပါးမျိုးစေ့ချစက်(Seeding Machine)ဖြင့် မိုးစပါးပျိုးထောင်ခြင်း သရုပ်ပြပွဲကို ဩဂုတ် ၂၂ ရက် နံနက်က ရိုးစုံကျေးရွာအုပ်စု သပြေသာကျေးရွာ ကွင်းအမှတ် ၁၆၀၂၊ ဦးပိုင်အမှတ် ၇၃/၃ ရှိ တောင်သူ ဦးထွန်းထွန်းဦး၏ လယ်မြေဧကလေးဧကတွင် ကျင်းပခဲ့သည်။

စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၆၀) စက်မှုလယ်ယာစခန်း၊ ဝမ်းတွင်းမြို့နယ်မှ မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ အနေဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာသို့ အသွင်ကူးပြောင်းစေရန်၊ လုပ်သားရှားပါးမှု ပြဿနာ ကျော်လွှားနိုင်စေရန်၊ စိုက်ပျိုးစနစ်မှန်ကန်ပြီး ပန်းတိုင် အတွက်နှုန်းတိုးစေရန် ပျိုးထောင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများအား သိရှိစေရန် ရည်ရွယ်၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း စပါးမျိုးစေ့ချစက်(Seeding Machine)ဖြင့် မိုးစပါးပျိုးထောင်ခြင်း သရုပ်ပြပွဲ ပြုလုပ်ခြင်းဖြစ်သည်။

သရုပ်ပြပွဲတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ထက်ဇော်က စပါးမျိုးစေ့ချစက် (Seeding Machine)ဖြင့် စပါးပျိုးထောင်ခြင်း၏ အကျိုးကျေးဇူးများ၊ စက်မှုပိုင်းဆိုင်ရာ သိရှိနားလည်သင့်သည့် အချက်များနှင့် စပါးမျိုးစေ့ချစက်ဖြင့် ပျိုးထောင်ပြီးသော ပျိုးဗန်းများအား ထိန်းသိမ်းစောင့်ရှောက်ရမည့်အချက်များကို ရှင်းလင်းပြောကြားသည်။

သရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်သိန်း၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ရုံးစုံကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင် ကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများက စပါးမျိုးစေ့ချစက် (Seeding Machine)ဖြင့် မိုးစပါးပျိုးထောင်ခြင်းအား ကြည့်ရှုခဲ့ကြပြီး ခင်းကျင်းပြသထားသည့် လက်ခွဲမျိုးစေ့ချကိရိယာ (Drum Seeder)၊ လက်ခွဲ ကောက်စိုက်စက်နှင့် စပါးမျိုးစေ့ချကိရိယာ (10 Rows Seeder)များအား ကြည့်ရှု လေ့လာခဲ့ကြကြောင်းသိရသည်။

(အောက်ပုံ)

ဌေးလှိုင်(ဝမ်းတွင်း)

၀-၀-၀-၀-၀-၀

မိုးစပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေး ကွင်းဆင်းကြည့်ရှု

ပုဗ္ဗသီရိ ဩဂုတ် ၂၃

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ၊ အေးချမ်းသာယာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူများ၏ မိုးစပါးများ ပန်းတိုင်အထွက်နှုန်းရရှိရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၊ ပုဗ္ဗသီရိမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက အသင်းသားတောင်သူများ၏ မိုးစပါးစိုက်ခင်းအား ကြည့်ရှုစစ်ဆေးခဲ့ကြပြီး နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက လိုအပ်သည်များ မှာကြားကာ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)အောင်ကိုကို(ပြန်/ဆက်)

စကားအင်းကျေးရွာ၌ လူယ်စကားဝိုင်းပြုလုပ်

တံတားဦး ဩဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း ကျင်းပသည့် လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၂နာရီက တံတားဦးမြို့၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ စကားအင်းကျေးရွာတွင် ပြုလုပ်သည်။

အခမ်းအနားတွင် စကားအင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝေက ကျောင်းသား၊ ကျောင်းသူများ အသိပညာရရှိစေရေးအတွက် ဗဟုသုတရဖွယ် အကြောင်းအရာများကို ဟောပြောပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဘိမောင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဗလငါးတန်နှင့်ပြည့်စုံစေရန်နှင့် စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရန်၊ ကိုယ်ကျင့်တရားကောင်းမွန်သည့် လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်း ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တံတားဦးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စေ့စပ်ဆွေးနွေးပေးသူ အဖြစ်ဆောင်ရွက်ပြီး စကားအင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ) Grade -8 မှ မောင်မြင့်မြတ်ကျော်က လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 မှ မကျော့ကေခိုင်က လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade - 9 မှ မယ်ရတီချစ်က လူငယ်နှင့် ပညာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade -10 မှ မခိုင်စံပယ်သင်းက လူငယ်နှင့်ယဉ်ကျေးမှု ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော နံရံကပ် ဓာတ်ပုံများ၊ စာစောင်များအား ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား ကြည့်ရှု လေ့လာကြကြောင်း သိရသည်။

(ဝဲပုံ)(၄၀၉)

အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ ပြုလုပ်

ပြင်ဦးလွင် သြဂုတ် ၂၃

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြင်ဦးလွင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေး၊ ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအခြေခံနှင့် မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို သြဂုတ် ၂၂ ရက် နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့နယ်၊ လက်ပံကုန်း(မ)စ်ပြကျေးရွာရှိ ခန်းမဆောင်၌ ပြုလုပ်ရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထူးက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်က စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အခြေခံနှင့် မွမ်းမံစက်ချုပ် နည်းပညာသင်တန်းဆင်းပွဲတွင် ထူးချွန်သူ ၁၂ဦးတို့အား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ချီးမြှင့်ခြင်း၊ ဆုရသူများအား ဆုများချီးမြှင့်ခြင်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇင်မိုးလှိုင်တို့က သင်တန်းဆင်းလက်မှတ်များကို အသီးသီးပေးအပ်ခဲ့ကြသည်။ **(အပေါ်ဝဲ)**

ထို့နောက် တာဝန်ရှိသူများက လုပ်ငန်းသစ်ထူထောင်ကြမည့် ထူးချွန်သင်တန်းသူများအား လိုက်လံနှုတ်ဆက်အားပေးစကား ပြောကြားပြီး ပေးအပ်သုံးစွဲစေမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပြသထားမှုအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၃၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံ မြို့နယ်နှင့် မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ပျော်ဘွယ်မြို့နယ်တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ပြုလုပ်

ပျော်ဘွယ် သြဂုတ် ၂၃

ပျော်ဘွယ်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးဆောင်၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)ဖြင့် မဲဆန္ဒရှင်ပြည်သူများသို့ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို သြဂုတ် ၂၁ ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက ရွေးကောက်ပွဲကျင်းပမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး မြို့နယ်ရွေးကောက် ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ မြို့နယ်ရွေးကောက်ပွဲအရာရှိ ဒေါ်ခင်သီတာခိုင်က မြန်မာအီလက် ထရောနစ်မဲပေးစက် (MEVM) အကြောင်းနှင့် မဲပေးပုံအဆင့်ဆင့်တို့ကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများနှင့် ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် မဲရလဒ်အား သရုပ်ပြထုတ်ပြန် ကြေညာခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲ)

မင်းမင်းထွေး(ပျော်ဘွယ်)

ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း နေ့စဉ်ခူးဆွတ်ရောင်းချ မိသားစုများ အဆင်ပြေလျက်ရှိ

ကျောက်ဆည် သြဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးအပြင် နေ့စဉ်ဝင်ငွေရရှိသည့် သီးပင်စားပင်များ စိုက်ပျိုးလျက်ရှိရာ ထားဝယ်ကျေးရွာတွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော ရုံးပတီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး နေ့စဉ်ခူးဆွတ်ရောင်းချခြင်းဖြင့် မိသားစုများ အဆင်လျက်ရှိသည်။

ရုံးပတီသီးနှံသည် စိုက်ပျိုးပြီး ရက်ပေါင်း ၆၀ ကျော်တွင် စတင်ခူးဆွတ်နိုင်ပြီး နေ့စဉ်ခူးဆွတ်ရောင်းချနိုင်သည့် သီးနှံဖြစ်ကြောင်း၊ တစ်ဧကစိုက်ပျိုးမည်ဆိုပါက မျိုးစေ့နှင့်မြေပြုပြင်ခြင်း၊ အပင်ငယ်ချိန် ပေါင်းမြက်ရှင်းလင်းခြင်း၊ သွင်းအားစုနှင့်ရေသွင်းခြင်း စုစုပေါင်း ငွေကျပ်ငါးသိန်း ကျော်ခန့်ကုန်ကျကြောင်း၊ ရောင်းစျေးအနေနှင့် စျေးကွက်အပေါ်မူတည်၍ တစ်ပိသာ ငွေကျပ် ၁၀၀၀ မှ ၁၂၀၀ အထိ ရောင်းချရကြောင်း၊ တစ်ဧက စိုက်ပျိုးထားပါက စတင်ခူးဆွတ်ချိန်၌ ၁၅ ပိသာခန့်ရှိပြီး လိုင်လိုင်သီးချိန်တွင် အပင်ကောင်းမွန်မှုအပေါ် မူတည်၍ ပိသာ ၆၀ မှ ၈၀အထိ ခူးဆွတ်ရောင်းရသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိကြောင်း ရုံးပတီစိုက်ပျိုးရောင်းချသူများထံမှ သိရသည်။

စိုက်ပျိုးမည်ဆိုပါက အစိုဓာတ်လုံလောက်စွာရရှိရန် ရေသွင်းပေးရပြီး နှစ်ပေခွဲအကျယ်ခန့် မြေပေါင်များ ပြုလုပ်ကာ လေဝင်လေထွက်ကောင်းမွန်ရေး တစ်ပင်နှင့်တစ်ပင် နှစ်ပေအကွာတွင် မြေကျင်းများ ပြုလုပ်၍ အစေ့တိုက်ရိုက်ချစိုက်ပျိုးနိုင်ပြီး အပင်ငယ်ချိန်တွင် မြေဆွခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်း၊ လိုအပ်သည့် အချိန်တွင် မြေဆီမြေဩဇာထည့်ခြင်း၊ ပိုးမွှားများကာကွယ်ဆေးဖျန်းခြင်းများ ပြုလုပ်ပေးပါက အသီးအထွက်နှုန်းကောင်းမွန်ကြောင်း၊ ရာသီဥတုနှင့် အပင်အပြအစုကောင်းပါက ရက်ပေါင်း ၉၀ အထိ နေ့စဉ်ခူးဆွတ်နိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

(၄၈၅)

ရန်ကုန်-မန္တလေး(ဝဲ၊ ယာ)လမ်းလယ်ကျွန်းနှင့် လမ်းပကြီးတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးဆောင်ရွက်

မြစ်သား သြဂုတ် ၂၃

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် ရန်ကုန်-မန္တလေး(ဝဲ၊ ယာ)လမ်းလယ်ကျွန်းနှင့် လမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် သန့်ရှင်းရေးပြုလုပ်ခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် သြဂုတ် ၂၁ ရက် နံနက် ၈ နာရီက အဆိုပါ လမ်းတစ်လျှောက်၌ ဆောင်ရွက်ခဲ့သည်။ **(ဝဲပုံ)**

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများက ရန်ကုန်-မန္တလေး(ဝဲ၊ယာ)လမ်းလယ်ကျွန်းရှိ လမ်းမကြီးတစ်လျှောက်၌ ချုန်ယယ်များ၊ မြက်ပင်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် စည်းကမ်းမဲ့ စွန့်ပစ်ထားသော အမှိုက်သရိုက်များ သန့်ရှင်းရေး ပြုလုပ်ခဲ့ကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျစွန့်ပစ်ခဲ့သည်။

သန့်ရှင်းရေးပြုလုပ်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြစ်သားမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှူဆောင်အရာရှိ(ဒုတိယဥက္ကဋ္ဌကြီးကြီးရေးမှူး) ဦးစိုးအောင်၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မင်းကျော်တို့က လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ဝင်းမင်းထွန်း(ပြန်/ဆက်)

အသက်သည် သွေး သွေးသည် အသက်

ပန်းချီခရီးနှင့် ဘဝရေစီး (သို့မဟုတ်) ပန်းချီဆရာစိန်မြင့်(ရွှေချည်ထိုး)

သွယ်အောင်

(၁၇-၈-၂၀၂၅)ရက်မှ အဆက်

ပန်းချီဆရာကြီးစိန်မြင့်(ရွှေချည်ထိုး)၏ "ပန်းချီခရီးနှင့် ဘဝရေစီး" စာအုပ်သည် ဗဟုသုတရဖွယ် စာရေးသူ၏ အတွေ့အကြုံစာအုပ်ဟု အကြမ်းအားဖြင့် အလွယ်တကူ ကောက်ချက်ချနိုင်ပါသည်။ သို့သော်--ထိုစာအုပ်ကို အေးအေးဆေးဆေးဖြင့် သေချာ "ဂဃနဏ" ဖတ်ကြည့်လျှင် သာမန်ဗဟုသုတရစေသည့် စာအုပ်မဟုတ်ဘဲ ရသ၊ အနုပညာ၊ သုတေသန၊ ယဉ်ကျေးမှုအမွေအနှစ်တို့ ထုံမွမ်းထားသည့် ပန်းခင်းကြီးထဲသို့ ဖြတ်လျှောက်ရသည်နှင့်တူသည်ဟု ဆိုလိုက်ချင်သည်။

ယင်းသို့ ဆိုရသည်မှာ ဆရာစိန်မြင့်(ရွှေချည်ထိုး)သည် မန္တလေး(ဝိဇ္ဇာ/သိပ္ပံ)တက္ကသိုလ် ကျောင်းသား၊ သုတေသနဆရာကြီး ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)၏ တပည့်ရင်း ဖြစ်သည်။ ပန်းချီပါသနာပါသည်။ ပန်းချီဆွဲသည်။ စာ၊ ကဗျာ ရေးဖွဲ့သည်။ သုတေသနခရီး မကြာမကြာ ထွက်လေ့ရှိသည်။ ရေးဟောင်းပစ္စည်းမြတ်နိုးပြီး ရသမျှစုဆောင်းသည်။ ခရီးသွားခြင်း၊ ခရီးတို(ပြည်တွင်းခရီး)နှင့် ခရီးရှည်(ပြည်ပခရီး)သွားခဲ့သည့် အတွေ့အကြုံတို့ကို ဤစာအုပ်တွင် ဖတ်ရှုခံစားရမည်ဖြစ်သည်။

ဆောင်းပါးများထဲမှ "ပန်းချီခရီးနှင့် ဘဝရေစီး"၊ "မောင်စိန်မြင့်ရဲ့ ပန်းချီမောင်စိန်မြင့်" ဆောင်းပါးနှစ်ပုဒ်မှာ ဆရာ(ဦး)စိန်မြင့် ပန်းချီအပေါ်တမ်းတမ်းစွဲရှုးသွပ်သည့် ဆောင်းပါးများအဖြစ် သက်သေပြထားသည်။

"မန္တလေးတက္ကသိုလ်တက်စဉ်နှစ်များမှာ ၁၉۷۶-၇၀၊ တက္ကသိုလ်နှစ်ပတ်လည် မဂ္ဂဇင်း မျက်နှာဖုံးကို ရေးဆွဲပေးခဲ့ပါတယ်။ ပေါ်သိမ်း၊ ဝင်းမော်၊ ထွန်းဌယ်တို့နှင့် မှတ်မိပါသေးတယ်။ ပထမအရွယ်တုန်းက ပန်းချီ၊ ဒုတိယအရွယ်မှာလည်း ပန်းချီ၊ တတိယအရွယ်ကနေ ရေးနေတဲ့ ပန်းချီတွေဟာ တကယ်တော့ ပစ္စုပ္ပန်အသီးသီး မှာဖြတ်သန်းခဲ့သည့် ရေးချက်၊ စုတ်ချက်၊ ဆေးစက်တွေသာ ဖြစ်ပါတယ်။ ကိုယ့်ရေးအားနှင့် ကိုယ့်အကြောင်း Abstract တို့၊ Impressionism တို့ဘက်ကို ကူးခဲ့ပါတယ်။ ကျွန်တော့်လက်မောင်းမှ မွေးရာပါ ဆေးစက်ပန်းချီသက်တလေးသည် တမလွန်ဘဝထိ ကူးချိတ်သွားမည့် ဘဝလက္ခဏာတစ်ခုအဖြစ်ဟု ဆိုပါလေလျှင် ကျွန်တော်နောင်ဘဝမှာလည်း ပန်းချီရေးနေပါလိမ့်မယ်"(မောင်စိန်မြင့်ရဲ့ ပန်းချီမောင်စိန်မြင့်မှ)

ဆရာဦးစိန်မြင့် ပန်းချီအပေါ် တန်ဖိုးထားမှုမှာလည်း ဤစာအုပ်ကြီးထဲတွင် ဖော်ပြထားသည့် သူ၏ ရေဆေးပန်းချီကား၊ အခရိုင်းလစ်ပန်းချီကားများနှင့် ၃၇ မင်းနတ်များ၊ ဒေသအလိုက် ကိုးကွယ်သည့် နတ်များကို ရေးဆွဲထားသည့်(Sketch) ပုံကြမ်းများကို ကြည့်ရခြင်းအားဖြင့် သိသာလေသည်။

ဆရာသည် ပန်းချီသာမက စာ၊ ကဗျာ ရေးဖွဲ့နိုင်သည်ကိုလည်း ဆရာဦးအေးမြင့်(မြန်မာ့ရိုးရာဒီဇိုင်း)ကို ဂုဏ်ပြုရေးဖွဲ့ထားသည့် "မန္တလေး မြန်မာ့ရိုးရာ ဆရာအေး"ကဗျာရှည်ကို ဤစာအုပ်တွင် တွေ့ရှိရသည်။

သုတေသန၊ ဗိသုကာနှင့် ပန်းချီအကြောင်းများကို "ပန်းချီဆရာဗိသုကာ ခင်မောင်ရင်နှင့် သူငယ်ချင်း ပန်းချီဆရာ ပေါ်သိမ်း"၊ "ကျွန်တော်နှင့် ဆရာဦးအေးမြင့်(မြန်မာ့ဂိုးရာဒီဇိုင်း)၊ "ကျွန်တော်နှင့် ဆရာဝင်း၊ ဗုဒ္ဓပြတိုက်အလုပ်တဲ့"၊ "ထန်းလုံးတပ်ကျောက်စာ၊ ပနန် ပန်းခွာ အိုးခြမ်းပဲ့"ဆောင်းပါးများတွင် မှန်ကူးကွက်အဆင်ရေးခြယ်ထားသည်။

အများအကျိုးဆောင်ရွက်သည့် ပရဟိတလုပ်ငန်းများကို စာရေးသူ ပန်းချီဆရာဦးစိန်မြင့် ကိုယ်တိုင်ပါဝင်လှုပ်ရှားခဲ့သည့် ဆောင်းပါးများကို ဖတ်ရှုရသမြင့် ဆရာ့ကို လေးစားအားကျရလေသည်။ ယင်းဆောင်းပါးများမှာ "အနှစ် ၁၀၀၊ ကျောင်း ၁၀၀"၊ "ဘုန်းတော်နိုင်ငံကျေးရွာ ဆေးပေးခန်းဖွင့်ပွဲမှတစ်ဆင့် စားမြုပ်နှံမခြင်း"တို့ဖြစ်သည်။

ရိုးရာပွဲတော်နှင့် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် လက်ဆင့်ကမ်းမျှဝေသည့် ဆောင်းပါးအချို့ကို ဖတ်ရှုရသည့်အတွက် ဆရာ့ကို ကျေးဇူးတင်ရသည်။ "မဟာလောကမာရဖိန်ကုသိုလ်တော်ဘုရားမြက်ထိုးပွဲ"၊ "မန္တလေးစေးချို ဝါးတန်းရပ် ကထိန်တော်"၊ "ကျွန်တော်နှင့် ရတနာ့ဝုဘုရားပွဲ နှတ်ပွ"၊ "ကျေးရွာအလှဆင် မြန်မာ့လက်ထိုးရက်ကန်းစင်" ဆောင်းပါးတို့ ဖြစ်သည်။

"ကျွန်တော်နှင့် အာဆီယံချစ်ကြည်ရေးလူငယ်သင်္ဘောခရီးစဉ်"၊ "ငယ်အိပ်မက် ဟာဝိုင်ရီ ခရီးစဉ်"၊ "ကျွန်တော်နှင့် ရွှေချည်ထိုးကား UN ခရီးစဉ်"၊ "ဟာဝိုင်ရီအိပ်မက်" ဆောင်းပါးတို့ကို ဖတ်ရှုရခြင်းအားဖြင့် မိမိမရောက်ဖူးသော ဒေသကို ရောက်ရှိသွားသလို ရင်ခုန်ခံစားစေရသည်။

ကျွန်အတွေ့တွေ့ဆောင်းပါးတို့မှာ "ကျွန်တော်နှင့် နန်းတော်ရှေ့"၊ "အဝေးဆက်၊ အနီးဆက် ကျေးလက်က PCO"၊ "ရတနာဝုံခေတ် စက်မှုနိုင်ငံတော်ကြီးပမ်းမှု"၊ "ကျွန်တော်နှင့် တရားလွတ်တော်ရှေ့နေဦးမြစိန်"၊ "ကျွန်တော့်ပြင်စာ"၊ "ကျွန်တော်တို့ ငယ်ငယ်က မန္တလေးမုန့်တီ၊ လက်ဖက်ရည်"၊ "ကျွန်တော်နှင့် မင်းသားကြီး၏ ရန်ကင်းရုပ်ရှင်"၊ "မန္တလေးခေတ် နှစ် ၁၀၀ ကျေးလက်အလှ"၊ "ကျွန်တော်နှင့် မြို့မတူရိယာအသင်း"၊ "ခုနစ်ဆယ်ကျော် ရှစ်ဆယ်ပတ်လည်အရွယ်ရောက်နေပြီမို့" ဆောင်းပါးတို့ ဖြစ်သည်။

ထိုဆောင်းပါးများထဲမှ ထူးထူးခြားခြား ဆောင်းပါးတစ်ပုဒ်မှာ "မန္တလေးခေတ် နှစ် ၁၀၀ ကျေးလက်အလှ" ဆောင်းပါး ဖြစ်သည်။

ယင်းဆောင်းပါးမှာ အညာတစိုက် ကျေးတောဒေသများသို့ သုတေသနခရီးထွက်ခဲ့သည့် အတွေ့အကြုံကို ရေးထားပြီး ချောင်းဦးမြို့နယ် ဘန်စီရွာ(တောင်ပေါ်ရွာ)ရွေမြင်တင်တောင် တန်းပေါ်မှ ရွာသူရွာသားများ၊ ကလေးလူကြီးအားလုံး မျက်စိမျက်ခမ်းစပ်ရောဂါသည်များဖြစ်ကာ လက်ထိုးရက်ကန်းစင်တို့ ထင်းအဖြစ် တွေ့မြင်ရ၍ ဝမ်းနည်းစရာကောင်းလှသည်။

သို့သော် ထိုဒေသရှိ ရွာလုံးကျွတ်မျက်ခမ်းစပ်ရောဂါကုသပေးသည့် UNICEF အကြီးအကဲအား သတင်းပို့ပေးခဲ့သည့် စေတနာအကျိုးကြောင့် ထိုဒေသမှ ဒေသိယကျေးလက်ပစ္စည်းများ၊ ဒေသိယတစ်ရွာတစ်ပုဒ်ဆန်း စကားများကို ရှားရှားပါးပါး

သိရလေတော့၏။

(သစ်တက်ထိုး=ပေါင်းသတ်ခြင်း၊ တလင်းပဲကူတက်=သီးနှံပေါ်ချိန်၊ ထမင်းဆင်= ထမင်းပွပြင်၊ ရီလေးစင်=တောစပ်ပေါက်နွယ်တို့ဖြင့် ဆင်ထားသောဒါန်း၊ ထန်းပလပ်စင်= ထန်းပလပ်ခေါက်နှင့် သောက်ရေအိုးစင်၊ ဆေးငါးကြင်း= မင်္ဂလာအလှပွဲရှိကြောင်းသိစေရန် ရွာရှိ အိမ်ပေါက်ဝတွင် ငါးကြင်းဖြီးပုံရက်လုပ်ပြီး ဆေးရွက်ကြီးထည့်ထားသည်။ တိုက်စိုး=ရွာအလှပွဲသက်ကြီးရွယ်အိုတို့ကို သစ်သီးကျွေးမွေးပေးရသူ၊ အော်ရဲ=ကလေး၊ ၁ မှောင် ၂ မှောင်=၁လ ၂ လ(အချိန်ကာလ)တို့မှာ ဒေသိယစကားများဖြစ်ပြီး ဒေသိယကျေးလက်ပစ္စည်းများမှာ မြေမီးဖုတ်ချိုးရုပ်၊ စဉ့်ချိုးရုပ်၊ ရုပ်စုံထွင်းပါသောရစ်များ၊ ချည်ချခဲ့၊ ရက်ကန်းသုံးချည်ခင်တောက် (အရုပ်ပါ)၊ သူငယ်တော်ရုပ်(စုဘူး)၊ ယုန်၊ ဆင်၊ ကျားရုပ်များနှင့် အုန်းသီးခြစ်၊ ပဒတ်၊ ငှက်စသည့် သစ်သားရုပ်များ ဖြစ်ကြသည်။

ထိုကြောင့် ပန်းချီဆရာကြီး ဦးစိန်မြင့်(ရွှေချည်ထိုး)၏ "ပန်းချီခရီးနှင့် ဘဝရေစီး (ဒုတိယအုပ်)" စာအုပ်ကို ဖတ်ရှုရသည်မှာ ပန်းစကြာမှန်ပြောင်း ကြည့်ရသလို ဘဝမျိုးစုံ၊ ကကြီးစုံသည့်အပြင် ရင်သပ်ရှုမော၊ ပန်းစုံတောသို့ ခိုဝင်၊ ဗဟုသုတစုံလင်ရရှိသည်ဟုဆိုရလျှင် လွန်မည်မထင်ပါ။

ပန်းချီဆရာကြီး(ဦး)စိန်မြင့် နှစ်(၈၀)ပြည့် မွေးနေ့မှစ၍ နောင်နှစ်ပေါင်းရာချီ သက်ရှည် ကျန်းမာပါစေ။

စာဖတ်ရှိန်မြှင့်တင်ရေး အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း ကျင်းပ

မကွေး ဩဂုတ် ၂၃

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး) သင်တန်းကျောင်းတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ ဗလ ငါးတန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အမြဲမပြတ်လေ့လာသင်ယူရေးစကားဝိုင်း (Never Stop Learning Talk Show) အခမ်းအနားကို ဩဂုတ် ၂၂ ရက်နံနက်ပိုင်းက စက်မှုလက်မှုသင်တန်းကျောင်းအစည်းဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှကျောင်းအုပ်ဆရာကြီး ဒေါက်တာကျော်ကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အမြဲမပြတ် လေ့လာသင်ယူရေး စကားဝိုင်း (Never Stop Learning Talk Show) ကျင်းပရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါစကားဝိုင်းတွင် မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမ်ဖန်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အစိုးရစက်မှုလက်မှုသိပ္ပံ(မကွေး) သင်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများဖြစ်သော မမေသိမ့်ဟန်သီဝင်း၊ မောင်ဇြိမ်းကိုကိုဝင်း၊ မောင်အောင်မြင့်မြတ်ထွန်း၊ မသစ်သစ်ဝင်းနှင့် မောင်သီဟလင်းတို့က စာကိုလေ့လာဖတ်ရှုခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ ဦးစီးအရာရှိနှင့် ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး အမြဲမပြတ် လေ့လာသင်ယူရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(အမေါ်ဝဲပုံ)

မောင်ခိုင်မင်း(ပြန်/ဆက်)

ဖတ်စရာ၊ မှတ်စရာ ခုံလင်

သဘာဝအလှ

* မိုးလေးမဝင်ခင်
လယ်ယာမျက်နှာပြင်
အလှဆင်
ထွန်စက်ကြီးငယ်
ထွန်ရေးအသွယ်သွယ်
ပျိုးကြဲလိုရယ်
စက်မှုလယ်ယာခေတ်မှာကွယ်။

* မိုးပွင့်လေးများ ကြွေကာဆင်း
လယ်ရနံ့တသင်းသင်း
မကြာခင်
လယ်ယာတစ်ခွင်
စိမ်းလန်းလို့မြင်
ခွန်အားအစစ်ပင်
ဝန်းကျင်သဘာဝ
တောအလှ ရှာခင်းပြင်
ပန်းချီကားတစ်ချပ်အသွင်
လောကကို အလှဆင်။ ။

လူပြာထက်

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များနှင့် ကျောင်းကျန်းမာရေး သီတင်းပတ်အထိမ်းအမှတ်အခမ်းအနား ပြုလုပ်

ကျိုင်းတုံ ဩဂုတ် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ် ပြည်နယ်အဆင့် အထိမ်းအမှတ် အခမ်းအနားနှင့် ဆုပေးပွဲအခမ်းအနားကို ယမန်နေ့က ကျိုင်းတုံမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင် ပြုလုပ်ခဲ့သည်။**(အမေါ်ယာပုံ)**

ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးတင်လင်းက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ် ပြည်နယ်အဆင့် အထိမ်းအမှတ် Video Clip များပြသခြင်းနှင့် အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ခံ ဒေါ်ခင်စန္ဒာဦးနှင့် အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်မိခင်များအား ကိုယ်ဝန်ဆောင်အား ထွန်း၊ မသစ်သစ်ဝင်းနှင့် မောင်သီဟလင်းတို့က စာကိုလေ့လာဖတ်ရှုခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းဟုန်နှင့် တာဝန်ရှိသူများက ကျောင်းကျန်းမာရေးဆိုင်ရာ အသိပညာပေးပြခန်းနှင့် KG ကျောင်းသား၊ ကျောင်းသူ ကလေးငယ်များအား အာဟာရကျွေးမွေးနေမှုအား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လူငယ်နှင့်စာဖတ်ခြင်း အသိပညာပေးဟောပြော၊ စာအုပ်၊ စာစောင်များနှင့် အသိပညာပေးနံရံကပ်စာစောင်များ ကြည့်ရှုလေ့လာ

ဧရာဝတီရိပ် ဩဂုတ် ၂၃

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဧရာဝတီရိပ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်နှင့်စာဖတ်ခြင်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက ရေဆင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။ **(ယာပုံ)**

ဟောပြောပွဲတွင် ဧရာဝတီရိပ်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြစန်းရီက "လူငယ်နှင့် စာဖတ်ခြင်း" ခေါင်းစဉ်ဖြင့် အသိပညာဗဟုသုတနှင့်ပြည့်စုံသည့် လူငယ်များဖြစ်ရန် စာကိုများများဖတ်ဖို့လိုကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် ကျောင်းစာအပြင် စာပေကို ခင်တွယ်တန်ဖိုးထား လေ့လာဖတ်ရှုနေမှသာ ဘက်စုံဖွံ့ဖြိုးပြီး အရည်အချင်းရှိတဲ့ လူငယ်မောင်မယ်များ ဖြစ်လာမည်ဖြစ်ကြောင်း၊ လူငယ်များသည် အနာဂတ်တိုင်းပြည်အတွက် အဓိက အရေးပါသောကြောင့် အဘက်ဘက်မှ အသိပညာဗဟုသုတများ ပြည့်စုံအောင် အချိန်ရတိုင်း စာပေများကို လေ့လာလိုက်စားဖတ်ရှုနေရမည်ဖြစ်ကြောင်း၊ စာဖတ်ရာတွင်လည်း စာဖတ်သက်သက်

